ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ တနင်္လာနေ့ (5-9-2011) (၆၇၃)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

စက်ကိရိယာများဖြင့် ဆောင်ရွက်ခြင်းသည် လယ်ယာကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည် ပုဂ္ဂလိက ငွေကြေးတတ်နိုင်သူများ ပါဝင်လာရေးအတွက် ဒေသအလိုက်စည်းရုံးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၄

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၇၉ ဦးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများသည် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြသိမ်း ဦးဆောင်လျက် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ ခေတ်မီစံပြ စာမျက်နှာ ၈ ကော်လံ ၁ သို့ ★

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြသိမ်း ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ ခေတ်မီစံပြ စက်မှုလယ်ယာ ဧက ၅၀၀ စိုက်မျိုးရေဇုန်၌ ခေတ်မီ စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်း နေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

အနေးယာဉ်လုပ်သားများနှင့် အိမ်ထောင်စုများအတွက် ချေးငွေများထုတ်ချေး

ရန်ကုန် စက်တင်ဘာ ၄

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းများကို ဒေသအသီးသီး၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်း ပပျောက်ရေး လုပ်ငန်းကို အခြားဒေသများ နည်းတူ ဆောင်ရွက်လျက်ရှိသည်။

ဘိုကလေးမြို့ပေါ်ရှိ အနေးယာဉ် လုပ်သားအစုအဖွဲ့ ၁၀ ဖွဲ့မှ အနေးယာဉ်လုပ်သားတစ်ဦးလျှင် ငွေကျပ် သုံးသောင်းစီနှင့် လတာချောင်းကျေးရွာမှ အိမ်ထောင်စု ၈၅ စု အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် သုံးသောင်းစီဖြင့်ချေးငွေများကို စာမျက်နှာ ၉ ကော်လံ ၅ သို့ ❍

မြန်မာ့လေကြောင်းမှ ATR-72 ခေတ်မီလေယာဉ်တစ်စင်းအား ဟဲဟိုးလေဆိပ်၌ ရပ်နားထားသည်ကို တွေ့ရစဉ်။

သက်တမ်းရင့်လေယာဉ်များ ၁၀ နှစ်တစ်ကြိမ် လဲလှယ်နိုင်ရေး စီစဉ်သွားမည်

ရန်ကုန် စက်တင်ဘာ ၄

မြန်မာ့လေကြောင်းသည် လေကြောင်းဖြင့် ပြည်သူများ ခရီးသွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ရာ အစပိုင်းတွင် ၂၁ ဦး လိုက်ပါနိုင်သည့် ဒါကိုတာ လေယာဉ်၊ ၄၄ ဦးလိုက်ပါနိုင်သည့် ဗိုင်းကောင့်လေယာဉ်များ အသုံးပြု၍ ၁၉၇၆ ခုနှစ်အထိ ပြေးဆွဲပေးခဲ့သည်။ ထို့နောက် ဖော်ကာ လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲပေးခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် ဖော်ကာ လေယာဉ်များကို အစားထိုးခဲ့ရာ ခရီးသည် ၄၄ ဦး စီးနင်းနိုင်သည့် F-27 လေယာဉ်များဖြင့် ဦးစွာ အသုံးပြု ပြေးဆွဲပျံသန်းခဲ့သည်။ ယခုအခါ ခေတ်မီလေယာဉ်များဖြစ်သည့် ATR-42၊ ATR-72၊ MA-60 လေယာဉ်များဖြင့် ပျံသန်း ပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ့လေကြောင်းအနေဖြင့် သက်တမ်းရင့်လေယာဉ်များကို နောက်ဆိုလျှင် ၁၀ နှစ်တစ်ကြိမ် လဲလှယ်နိုင်ရေး စီစဉ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (ကိုအောင်)

ဧရာဝတီတိုင်းဒေသကြီးရှိ ပေါင်းဆန်စက်ရုံ သုံးရုံမှ ထုတ်လုပ်သောပေါင်းဆန်များ ရုရှားဈေးကွက်သို့ တင်ပို့

(သတင်း) စာမျက်နှာ - ၆

ကျောက်ဖြူ-မူဆယ် ရထားလမ်းစီမံကိန်း၏ လားရှိုး-မူဆယ် ရထားလမ်းပိုင်းကို ယခုနှစ်ကုန်တွင် စတင်ဖောက်လုပ်မည်

(သတင်း) စာမျက်နှာ - ၇

တားလက်စ်တိုင်ဖုန်း မုန်တိုင်းကြောင့် ဂျပန်၌ ၁၅ ဦးသေဆုံး၍ ၄၃ ဦး ပျောက်ဆုံး

(သတင်း) စာမျက်နှာ - ၄

ဒေးဗစ်ဘက်ခမ်းကို ကျူပီအာ က ခေါ်ယူလို

(သတင်း) စာမျက်နှာ - ၁၀

၅-၉-၂၀၁၁
(တနင်္လာနေ့)

မြန်မာ့ဝါးနှင့် ကြိမ် အရည်အသွေးမြှင့် ထုတ်လုပ်တင်ပို့

နိုင်ငံအတွင်း သစ်တောသယံဇာတများ ပေါများကြွယ်ဝသည်။ ပြည်ပဈေးကွက်ရှိသော သစ်တောထွက်ပစ္စည်းများကို ကုန်ကြမ်းအဖြစ် ထုတ်လုပ်တင်ပို့နေကြသည်။ တန်ဖိုးမြှင့်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့ကြခြင်းဖြင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုတွင် အကျိုးဖြစ်ထွန်းမှု ရရှိနိုင်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံ၏ ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးလျက်ရှိသည်။ သစ်၊ ဝါး၊ ကြိမ်တို့ဖြင့် ပြုလုပ်သော တန်ဖိုးမြှင့်ပစ္စည်းများ၏ ပြည်ပပို့ကုန်ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုလိုက်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသည်။ အဆိုပါ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်သည် နိုင်ငံပိုင်ကဏ္ဍနှင့် သက်ဆိုင်ခြင်း မရှိကြောင်း ဖော်ပြထားသည်။

နေရာဒေသအနှံ့အပြားတွင် သစ်တောထွက်ပစ္စည်းတစ်မျိုးဖြစ်သည့် ဝါးများ သဘာဝအလျောက် ပေါက်ရောက်နေသည်။ ဝါးမျိုးစုံ နှစ်ဆယ်ကျော်နှင့် မျိုးစိတ် ၁၀၀ ကျော်ခန့်ရှိသည်။ ကျေးလက်ဒေသများ၌ ဝါးကို တဲအိမ်၊ နေအိမ်၊ အသုံးအဆောင်ပစ္စည်းများနှင့် အချို့ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၌ သုံးစွဲလျက်ရှိသည်။

နှစ်ပေါင်းများစွာကပင် ဝါးခြင်းတောင်း၊ ဝါးဆန်ကော၊ ဝါးဆန်ခါများ ထုတ်လုပ်သုံးစွဲခဲ့ကြသည်။ ထို့အတူ ဝါးထွက်ပစ္စည်းအမျိုးမျိုးကို ပြည်ပသို့ တင်ပို့လျက်ရှိရာ ဝါးတူ၊ ပန်းသီတံ၊ ဦးထုပ်၊ ဝါးပါကေး၊ ဝါးလုံးငါးမျှားတံနှင့် မျှစ်တို့ ပါဝင်သည်။ မြင်ဝါး၊ ဝါးနွယ်၊ ဝါးယား၊ ကြသောင်းဝါး၊ တင်းဝါးနှင့် ဝါးနက်တို့ကိုလည်း မီးသွေးဖုတ်၍ တင်ပို့မှုရှိကြောင်း သိရသည်။

မြန်မာ့သစ်တောများတွင် ဝါးများနှင့်အတူ ကြိမ်ပင်များလည်း ပေါက်ရောက်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးထွက်ရှိသည်။ ကြိမ်အမျိုးအစားများစွာရှိသည့်အနက် ကြိမ်နှာမောင်း (လက်မဲကြိမ်)၊ တောတန်းလမ်းကြိမ်၊ ဝါးရင်းကြိမ်၊ ကြိမ်ဖြူနှင့် ကြိမ်ပုပ်စသည်တို့သည် ရောင်းတမ်းဝင်ကြိမ်များဖြစ်သည်။ ကြိမ်များကို ကုန်ကြမ်းအဖြစ်သာမက မြန်မာ့လက်မှုအနုပညာလက်ရာမြောက် ကြိမ်ထည်ပစ္စည်းများ ထုတ်လုပ်၍ တင်ပို့လျက်ရှိသည်။

မြန်မာ့ရောင်းတမ်းဝင် ကြိမ်နှင့် ဝါးများကို ကုန်ကြမ်းအဖြစ်သာမက လက်မှုအနုပညာလက်ရာမြောက် အရည်အသွေးမြင့်ဝါးနှင့် ကြိမ်ထည်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရောင်းချခြင်းဖြင့် သစ်တောထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်းသွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ရန်ကုန်တိုင်းဒေသကြီး(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) အနုပညာခန်းမ(၁)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဦးစီးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)က ရေးစပ်သီကုံးသည့် "ခွန်းဆင့်ပဏာ တေးသံသာ" တေးသီချင်းကို ကျောင်းသား၊ ကျောင်းသူများက အဆို၊ အကဖြင့် လည်းကောင်း၊ "ပွဲဦးအစ ပခန်းအက" ယိမ်း၊ "ပုဂံယိမ်းအက"နှင့် "ဦးရွှေရိုး ဒေါ်မိုးအက" တို့ဖြင့်လည်းကောင်း သီဆိုကပြ ဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ပြိုင်ပွဲများကို စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်တိုင်းဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၉-၂၀၁၁ (တနင်္လာနေ့)
[၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် (ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ "လှည့်လည်ပူဇော် ပေါင်းတည်မြတ်စွယ်တော်"
၈း၀၅ ၆။ သံသာချိုအေးမင်္ဂလာတေး
၈း၁၀ ၇။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၂၅ ၈။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၅-၂၀ နှစ်) (အမျိုးသမီး)
၈း၃၅ ၉။ International News
၈း၄၀ ၁၀။ Islands of Dhamma
၈း၅၀ ၁၁။ ဘဒ္ဒန္တတေဇောသာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌ ဆရာတော်နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ နိကာယ နယူပဒေသကျောင်း၊ မစိုးရိမ် ကျောင်းတိုက်၊ မဟာအောင်မြေ မြို့နယ် မန္တလေးတိုင်းဒေသကြီး ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) [အထက(၂) လှိုင်သာယာ] (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅း၁၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅း၂၅ ၈။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၅-၂၀ နှစ်) (အမျိုးသမီး)
၅း၃၅ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား" (အပိုင်း-၂၃)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းသုံးပွင့်ရဲ့ ဒိုင်ယာရီ" (အပိုင်း-၇)**
၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်
၂၀။ အစီအစဉ်ပြီး၏။

အစည်းအဝေးများ တက်ရောက်ရန် ကိုယ်စားလှယ်နှစ်ဦး ပြည်ပထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၄

ထိုင်းနိုင်ငံ ပတ္တရားမြို့၌ စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပသည့် အာရှအလေးမအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေးနှင့် ဆေးဘက်ဆိုင်ရာ ကော်မတီများ အစည်းအဝေးသို့ တက်ရောက်ရန် အာရှအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် အာရှအလေးမအဖွဲ့ချုပ် ဆေးဘက်ဆိုင်ရာ ကော်မတီအဖွဲ့ဝင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြလေးစိန်တို့သည် စက်တင်ဘာ ၂ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ/ မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာ စဉ်ဆက်မပြတ်တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (Continuing Professional Development Forum) ကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ စက်တင်ဘာ ၈ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီခွဲအထိ ကျင်းပမည်ဖြစ်ရာ မိသားစုကျန်းမာရေး စောင့်ရှောက်မှု စာတမ်းများ ဖတ်ကြားဆွေးနွေးခြင်းနှင့် Panel Discussion on GP Practice Management တို့ ပါဝင်မည်ဖြစ်ပြီး စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်) ပညာရည်ချွန်ဆု ချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၄

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)၏ ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်ရာ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင် သား၊ သမီး ကျောင်းသား၊ ကျောင်းသူများ၏ အမည်စာရင်းကို ဦးမောင်မောင်ကြီး (ဥက္ကဋ္ဌ) ဖုန်း-၀၉-၈၀၂၄၂၅၀နှင့် ဦးခင်ထွန်း ဖုန်း-၀၉-၅၁၇၀၃၂၉ တို့သို့ အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား ဆက်သွယ် စာရင်းပေးကြရမည်ဖြစ်သည်။ (ကြေးမုံ)

ဧရာဝတီနှင့် စစ်တောင်းမြစ်ရေ အခြေအနေ

နေပြည်တော် စက်တင်ဘာ ၄

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၆၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၇ စင်တီမီတာ (သုည ဒသမ ၉ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဇလွန်မြို့တွင် ၁၁၈၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၇ စင်တီမီတာ(သုည ဒသမ ၉ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၆၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၄၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၆ စင်တီမီတာ (တစ်ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

သယ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ခြောက်ဘာသာဂုဏ်ထူးရှင် မဆုဒါလီလွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့် ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

(ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၄-၉-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၉၀၀၀	၀. ၀၃၃၄၄
တရုတ် (ယွမ်)	၆. ၃၈၃၀၀	၀. ၁၅၆၆၇
အိန္ဒိယ (ရူပီး)	၄၅. ၇၈၀၀	၀. ၀၂၁၈၇
မလေးရှား (ရင်းဂစ်)	၂. ၉၆၄၅၀	၀. ၃၃၇၃၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၃၆၀	၀. ၈၃၀၈၄
ဂျပန် (ယန်း)	၇၆. ၈၁၀၀	၀. ၀၁၃၀၂
တောင်ကိုရီးယား(ဝမ်)	၁၀၆၅. ၁၉	၀. ၀၀၀၉၄
ယူရို	၀. ၇၀၄၂၀	၁. ၄၂၀၀၅
ဗြိတိသျှ (ပေါင်)	၀. ၆၁၆၅၄	၁. ၆၂၁၉၅

အင်တာနက်။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ်(၉၃/၄)နှင့် (၉၃/၅)ကြား ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်-ပြည်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲတွင် မက်စ်မြန်မာ ကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန်-ပြည်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ် (၁၀၂/၆)နှင့် (၁၀၂/၇)အကြား၌ ၁၈ ပေအကျယ် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာ တင်ခြင်းလုပ်ငန်းများ အဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ် (၉၃/၄)နှင့် (၉၃/၅)အကြား ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လမ်းအပိုင်းလိုက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သာယာဝတီမြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံး၌ ခရိုင်အင်ဂျင်နီယာမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ မိမိခရိုင်အတွင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်၊ သစ်သားတံတားများနေရာတွင် ကွန်ကရစ်တံတားများ အစားထိုးဆောင်ရွက်ရန်၊ အဓိကကျသည့်လမ်းများကို ဦးစားပေးဆောင်ရွက်ရန်နှင့် မိုးကြီး၍ပျက်စီးသွားသည့် လမ်း၊ တံတားများရှိပါက အမြန်ဆုံးပြင်ဆင်သွားရန်၊ မိမိတာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် အလုပ်ကို ညီညီညွတ်ညွတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျနေထိုင်ရန်နှင့် ဝန်ထမ်းများလုပ်ငန်းခွင်ကျွမ်းကျင်စေရန် သင်တန်းများ တက်ရောက်ရန်တို့ကို မှာကြားခဲ့ပြီး ခရိုင်အင်ဂျင်နီယာမှူးရုံး အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ပို့ဆောင်ရေးသတင်းဂျာနယ် စာနယ်ဇင်းမိတ်ဆက်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

ပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ဝေသည့် ပို့ဆောင်ရေးသတင်းဂျာနယ် (The Transport News Journal) စတင်ထုတ်ဝေခြင်း အထိမ်းအမှတ် စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ယုဇနဟိုတယ်၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပို့ဆောင်ရေးသတင်းဂျာနယ် ထုတ်ဝေခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဂျာနယ်ထုတ်ဝေရသည့် ရည်ရွယ်ချက်နှင့် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ဂုဏ်ပြုစကားပြောကြားသည်။

အဆိုပါ ပို့ဆောင်ရေးသတင်းဂျာနယ် အတွဲ(၁)၊ အမှတ်စဉ်(၁)ကို စက်တင်ဘာ ၅ ရက်တွင် စတင်ထုတ်ဝေသွားမည်ဖြစ်ပြီး ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ် တနင်္လာနေ့တိုင်းထုတ်ဝေမည်ဖြစ်သည်။ သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့် ဘာသာပြန် စာမူများကို အမှတ် (၁၆၃/၄၂၁) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

နေ့ည အရပ်အနားမရှိ ပို့ဆောင်လျက်ရှိသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ရန်ကုန် စက်တင်ဘာ ၄

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဧရာဝတီမြစ်အတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ၁၈၅၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ချင်းတွင်းမြစ်နှင့် သံလွင်မြစ်အတွင်း၌လည်း ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။

၁၉၄၈ ခုနှစ် ဇွန် ၁ ရက်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်လာခဲ့သည်။ ၁၉၈၉ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ပို့ဆောင်ရေးဝန်ကြီးဌာန၏ "ပို့ဆောင်ခြင်းဖြင့် စီးပွားမြှင့်အံ့" ဆောင်ပုဒ်ကို လမ်းညွှန်အဖြစ်ခံယူဆောင်ရွက်ခဲ့ရာ ယခုအခါ စက်ရှိ၊ စက်မဲ့ ရေယာဉ်ပေါင်း ၄၂၉ စင်း၊ ခရီးစဉ်ပေါင်း ၅၂ ခု၊ ပို့ဆောင်ရေးဌာနခွဲ ခြောက်ခုဖြင့် နေ့စဉ် ခရီးသည် ၂၇ သန်းကျော်၊ ကုန်တန်ချိန် လေးသန်းကျော်အား နေ့ည အရပ်အနားမရှိ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ (စိုးမင်း-သတင်းစဉ်)

ကျောင်းသုံးစာအုပ်ပုံနှိပ်ဖြန့်ချိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူသည် စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ်သို့သွားရောက်၍ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံကာ ပညာရည်မြင့်မားရေးဆိုင်ရာ ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့သည်။ **(အောက်ပုံ)**

ဒုတိယဝန်ကြီးသည် ယနေ့နံနက် ၁၀ နာရီတွင် အမှတ်(၁) အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသည့် ကျောင်းသုံးစာအုပ် ပုံနှိပ်ဖြန့်ချိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကျောင်းသုံးစာအုပ် ပုံနှိပ်ဖြန့်ချိရေး လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။ (သတင်းစဉ်)

စီးပွားရေးတက္ကသိုလ်(၁၉၇၈) မြတ်ဆရာ ပူဇော်ကန်တော့မည်

ရန်ကုန် စက်တင်ဘာ ၄

၁၉၇၈ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများက ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အတွင်း ပညာသင်ကြားပို့ချပေးခဲ့ကြသော ဘာသာရပ်ဆိုင်ရာ ဆရာကြီး၊ ဆရာမကြီးအားလုံး (မေဂျာ၊ မိုင်နာ)အား ပူဇော်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီတွင် အခန်း(၁၀) စီးပွားရေးတက္ကသိုလ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးတင်လတ် ဖုန်း-၀၉-၅၀၂၃၀၃၀၊ ဦးလင်းကြည် ဖုန်း-၀၁-၂၉၇၇၅၀၊ ၀၉-၅၀၀၈၁၂၂၊ ဦးမင်းဟန် ဖုန်း-၀၉-၅၁၃၂၆၆၅၊ ဦးခိုင်စိုးသိန်း ဖုန်း-၀၉-၅၀၂၀၅၆၂၊ ဦးအေးမြင့် ဖုန်း-၀၉-၄၃၁၃၁၂၅၃၊ ဦးဝင်းမြင့် ဖုန်း-၀၁-၅၀၇ ၂၉၁၊ ၀၉-၅၄၁၇၂၉၅၊ ဦးချန်ထွန်း ဖုန်း-၀၉-၅၁၄၆၈၀၉၊ ဒေါ်ဝင်းမာ ဖုန်း-၀၁-၅၂၆၈၉၀၊ ၀၉-၅၁၆၅၁၅၄၊ ဒေါ်စမ်းစမ်းအေး ဖုန်း-၀၉-၇၃၀၅၆၈၄၄၊ ဒေါ်ကစ်တီမြသိန်း ဖုန်း-၀၉-၅၁၇၇၀၄၈၊ ဒေါ်စမ်းစမ်းဝင်း ဖုန်း-၀၉-၇၃၀၈၇၀၁၀၊ ဒေါ်သင်သင်နွယ် ဖုန်း-၀၁-၆၄၆၅၁၄နှင့် ဒေါ်သီသီအေး ဖုန်း-၀၁-၅၂၆၆၈၄ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်သည်။ (ကြေးမုံ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယောင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ သောင်းကျန်းသူများက ဝင်ရောက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံး

နေပြည်တော် စက်တင်ဘာ ၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်တုံကျေးရွာသို့ စက်တင်ဘာ ၃ ရက် ည ၈ နာရီတွင်လည်းကောင်း၊ ဝမ်တောင်းကျေးရွာသို့ ယင်းနေ့ ည ၈ နာရီခွဲတွင်လည်းကောင်း သောင်းကျန်းသူများက ဝင်ရောက်ပစ်ခတ်ခဲ့ရာ အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗလ ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့

 နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

တူရကီနှင့် အစ္စရေးအကြား ဆက်ဆံရေးယိုယွင်းမှုပြုပြင်ရန် ကုလသမဂ္ဂအကြီးအကဲ တိုက်တွန်း

ကင်ဘာရာ စက်တင်ဘာ ၄

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရှေ့ရေးအတွက် ယိုယွင်းပျက်ပြားနေသော နှစ်နိုင်ငံဆက်ဆံရေးအား ပြန်လည်ဖာထေးပြင်ဆင်ရန် တူရကီနှင့်အစ္စရေးနိုင်ငံတို့ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စက်တင်ဘာ ၃ ရက်တွင် တိုက်တွန်းလိုက်ကြောင်း သိရသည်။

ယမန်နှစ် မေလကဖြစ်ပွားခဲ့သော ဂါဇာထောက်ပံ့ရေးရေယာဉ်အုပ်စုစီးနင်းတိုက်ခိုက်ခံရမှုအတွင်း တူရကီနိုင်ငံသားများ အပါအဝင် လူကိုးဦးသေဆုံးခဲ့ရမှုနှင့်ပတ်သက်၍ တောင်းပန်ရန် အစ္စရေးနိုင်ငံက ငြင်းဆန်ခဲ့ရာ တူရကီနိုင်ငံသည် အစ္စရေးသံအမတ်ကြီးအား နှင်ထုတ်ခဲ့ပြီး အစ္စရေးနိုင်ငံနှင့် စစ်ဘက်ဆိုင်ရာဆက်ဆံရေးကိုလည်း ဖြတ်တောက်ခဲ့သည်။

ဂါဇာထောက်ပံ့ရေးရေယာဉ်အုပ်စု စီးနင်းတိုက်ခိုက်ခံခဲ့ရပြီးနောက်ပိုင်း တူရကီနှင့် အစ္စရေးအကြား ဆက်ဆံရေးတိုးမြှင့်လာစေရန် မိမိကြိုးပမ်းနေကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကပြောကြားခဲ့သည်။

ဒေသတွင်းတည်ငြိမ်ရေးအတွက် အခရာကျသော တူရကီနှင့် အစ္စရေးတို့အကြား ဆက်ဆံရေးပြန်လည်ကောင်းမွန်လာရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မျှော်လင့်ထားသည်။

၂၀၁၀ ခုနှစ် မေလ ၃၁ ရက် ဂါဇာထောက်ပံ့ရေးရေယာဉ်အုပ်စု စီးနင်းတိုက်ခိုက်မှုဆိုင်ရာ ကုလသမဂ္ဂအစီရင်ခံစာ ထွက်ပေါ်လာပြီးနောက် တူရကီနှင့်အစ္စရေးတို့အကြား သံတမန်ဆက်ဆံရေးအခြေအနေ မမျှော်လင့်ဘဲ တင်းမာခဲ့ရသည်။

လက်နက်မှောင်ခိုသယ်ယူမှုတားဆီးရေးဆိုင်ရာ လုံခြုံရေးစည်းမျဉ်းများအရ ဂါဇာဒေသအားပိတ်ဆို့ထားရန် အစ္စရေးတွင် အခွင့်အရေးရှိသော်လည်း ထောက်ပံ့ရေးရေယာဉ်အုပ်စု စီးနင်းတိုက်ခိုက်မှု၌ အင်အားကိုအလွန်အကျွံသုံးစွဲခဲ့ကြောင်း ကုလသမဂ္ဂအစီရင်ခံစာက ဖော်ပြထားသည်။

ယင်းပြဿနာ၌ တာဝန်ရှိသူများအဖြစ် တူရကီနှင့် ဂါဇာထောက်ပံ့ရေးရေယာဉ်အုပ်စု ဖွဲ့စည်းသူများကိုလည်း ကုလအစီရင်ခံစာက ပြစ်တင်ထားသည်။

အင်တာနက်။

၂၀၁၀ ခုနှစ် မေ ၃၁ရက်တွင် အစ္စရေးရေတပ်၏ စီးနင်းတိုက်ခိုက်မှုခံခဲ့ရသော ဂါဇာထောက်ပံ့ရေး ရေယာဉ်တစ်စင်း။

ချီလီလေတပ် လေယာဉ်ပျက်ကျ လိုက်ပါလာသူ ၂၁ ဦး သေဆုံး

ဆန်တီယာဂို စက်တင်ဘာ ၄

လူ ၂၁ ဦးလိုက်ပါလာသော ချီလီလေတပ်မှ လေယာဉ်တစ်စင်းပျက်ကျခဲ့သဖြင့် လိုက်ပါလာသူအားလုံး သေဆုံးကြောင်း ချီလီကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး အင်ဒရီးစ်အယ်လ်လာမန်က စက်တင်ဘာ ၃ ရက်တွင် သတင်းထောက်များအား ပြောကြားသည်။

ယင်းလေယာဉ်ပေါ်တွင် ချီလီလေတပ်တပ်ဖွဲ့ဝင် ရှစ်ဦး၊ ဒေသတွင်းရှိ ရုပ်မြင်သံကြားဌာနမှ ငါးဦး၊ လူသားချင်း စာနာထောက်ထားရေးလုပ်ငန်း လုပ်ဆောင်နေသောအဖွဲ့မှ ခြောက်ဦး၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာရှိနှစ်ဦး စုစုပေါင်း ၂၁ ဦး လိုက်ပါလာခြင်းဖြစ်ပြီး စက်တင်ဘာ ၂ ရက် ဒေသစံတော်ချိန် ၁၇ နာရီ ၄၈ မိနစ်ခန့်တွင် ပျံသန်းစဉ်ကျွန်းငယ်တစ်ကျွန်းပေါ်သို့ ပျက်ကျခြင်းဖြစ်သည်။

ဂူအန်ဖာနန်ဒက်ဇ်ကျွန်းအနီးရေပြင်တွင် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ချီလီလေတပ်မှအတည်ပြုပြောကြားသည်။ **ဆင်ဟွာ။**

တားလက်စ် တိုင်ဖုန်းမုန်တိုင်းကြောင့် ဂျပန်၌ ၁၅ ဦးသေဆုံး၊ ၄၃ ဦးပျောက်ဆုံး

တိုကျို စက်တင်ဘာ ၄

အင်အားပြင်းထန်သော တားလက်စ်အမည်ရှိ တိုင်ဖုန်းမုန်တိုင်းကြောင့် ဂျပန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြေပြိုမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၅ဦးသေဆုံး၍ ၄၃ဦး ပျောက်ဆုံးနေကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တားလက်စ်မုန်တိုင်းသည် စက်တင်ဘာ ၄ရက်က ဂျပန်နိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းအား ဖြတ်ကျော်တိုက်ခတ်၍ တောင်ဘက်စူးစူးသို့ ဦးတည်ရွေ့လျားနေခဲ့ကြောင်းသိရသည်။

တိုင်ဖုန်းမုန်တိုင်းအန္တရာယ်ကြောင့် ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများနေ ပြည်သူ ၄၆၀၀၀၀ တို့အား ဘေးလွတ်ရာ ရွှေ့ပြောင်းပေးရန် ညွှန်ကြားချက်များ၊ ဘေးအန္တရာယ် ရှောင်တိမ်းရေးဆိုင်ရာ အကြံပြုချက်များကို အာဏာပိုင်များက ထုတ်ပြန်ခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ယခုနှစ် မုန်တိုင်းရာသီ၏ ၁၂ ခုမြောက် မုန်တိုင်းဖြစ်သော တားလက်စ်တိုင်ဖုန်းမုန်တိုင်း၏ ဗဟိုချက်သည် ဂျပန်နိုင်ငံအနောက်ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်ကိုကျော်ဖြတ်၍ တောင်ဘက်သို့ ဦးတည်နေကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။

မုန်တိုင်းရွေ့လျားမှုနှေးကွေးခြင်းကြောင့် မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဆက်လက်ဖြစ်ပွားနိုင်ပြီး ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်လာနိုင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက သတိပေးထားသည်။ **အင်တာနက်။**

ဂျပန်နိုင်ငံအလယ်ပိုင်း ဂိုဂျိုမြို့၌ တားလက်စ် တိုင်ဖုန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားခဲ့ရာ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည်ကို စက်တင်ဘာ ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ- အင်တာနက်)*

ရုရှားတိုပိုလ်တိုက်ချင်းပစ် ဒုံးကျည်အား ထိပ်ဖူးသစ်တပ်ဆင် စမ်းသပ်ပစ်ခတ်

မော်စကို စက်တင်ဘာ ၄

ရုရှားမဟာဗျူဟာဒုံးပျံတပ်ဖွဲ့ (RVSN)သည် စက်တင်ဘာ ၃ ရက်တွင် တိုပိုလ်အာရ်အက်စ်-၁၂ အမ် တိုက်ချင်းပစ် ဒုံးကျည်တစ်စင်းကို ထိပ်ဖူးလက်နက်သစ်တပ်ဆင်ကာ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

သက်တမ်း ၂၃ နှစ်ရှိ

အင်တာဖက်စ်သတင်းဌာနသို့ ရုရှားမဟာဗျူဟာဒုံးပျံတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဗာဒင်ကာဗယ်က ပြောကြားရာတွင် စမ်းသပ်ပစ်ခတ်ခဲ့သော တိုပိုလ်အာရ်အက်စ်-၁၂ အမ် ဒုံးကျည်သည် စစ်ရေးတာဝန်ထမ်းဆောင်သက် ၂၃ နှစ် သက်တမ်းရှိပြီဖြစ်ပြီး ယင်းကို အက်စ်ဟန်းလက်စ်ဒေသရှိ ပလက်စတက်စ် အာကာသစခန်းမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

တိကျစွာထိမှန်

အဆိုပါ ဒုံးကျည်သည် ၎င်း၏ စမ်းသပ်ဆဲထိပ်ဖူးကို ရုရှားအရှေ့ဖျားဒေသ ကမ်ချက်ကာဒုံးကျည်ပစ်ကွင်းမှ ၎င်း၏ လေ့ကျင့်ရေးပစ်မှတ်အား အလွန်တိကျစွာ ထိမှန်စေခဲ့သည်ဟု ဆိုသည်။

ကီလိုတန် ၅၅၀

တိုပိုလ်အာရ်အက်စ်-၁၂ အမ်ဒုံးကျည်သည် သက်တမ်း ၂၃ နှစ်တိုင် တာဝန်ထမ်းဆောင်ဆဲဖြစ်ပြီး ၎င်း၏ တာဝေးပစ်ခတ်နိုင်စွမ်းမှာ ကီလိုမီတာ ၁၀၀၀၀ ဖြစ်ကာ ပေါက်ကွဲမှုပြင်းအား ကီလိုတန် ၅၅၀ ရှိ အဏုမြူလက်နက် ထိပ်ဖူးတစ်ခုကို သယ်ဆောင်နိုင်စွမ်းရှိသည်။ ***ဆင်ဟွာ။***

ရုရှားမဟာဗျူဟာ ဒုံးပျံတပ်ဖွဲ့ (RVSN)မှ ထိပ်ဖူးသစ်တပ်ဆင်စမ်းသပ် ပစ်ခတ်လိုက်သည့်တိုပိုလ်အာရ်အက်စ်-၁၂ အမ်ဒုံးကျည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် အလုပ်လက်မဲ့ပြဿနာ ပိုမိုဆိုးရွားလာ

ဝါရှင်တန် စက်တင်ဘာ ၄

အမေရိကန်အစိုးရက ထုတ်ပြန်ကြေညာသော တရားဝင်စာရင်းများအရ လွန်ခဲ့သည့်လအတွင်း အလုပ်လက်မဲ့နှုန်းထား ပြောင်းလဲခြင်းမရှိသည့်အတွက် နိုင်ငံ၏ စီးပွားရေးသည် အဆိုးရွားဆုံးအခြေအနေသို့ နောက်တစ်ဖန်ဦးလှည့်နေကြောင်း စက်တင်ဘာ ၂ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဩဂုတ်လအတွင်း လုပ်ငန်းရှင်များက အလုပ်အကိုင်အသစ်များ တိုးချဲ့ဖြည့်ဆည်းနိုင်ခြင်းမရှိခဲ့ကြောင်းနှင့် အလုပ်လက်မဲ့နှုန်းထားသည် ၉ ဒသမ ၁ ရာခိုင်နှုန်းတွင် ဆက်လက်တည်မြဲလျက်ရှိကြောင်း အမေရိကန်အလုပ်သမားဝန်ကြီးဌာနက စက်တင်ဘာ ၁ ရက်တွင် ပြောကြားခဲ့သည်။

အခွန်အခပြဿနာဖြင့် ရင်ဆိုင်နေရသော အစိုးရကုမ္ပဏီများအလုပ်အကိုင် ယာယီပြတ်လပ်ချိန်၌ ပုဂ္ဂလိကကဏ္ဍများတွင် ပြောင်းလဲမှုအနည်းငယ်ရှိခဲ့ရာ အလုပ်အကိုင်တိုးတက်မှုနှုန်းမြင့်မားလာရေးအတွက် မျှော်လင့်ချက်ဖြစ်ကြောင်း အမေရိကန်အလုပ်သမားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **အင်တာနက်။**

ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်၏ ဇာတ်ညွှန်း အပြောင်းအလဲလုပ်ရန် အိန္ဒိယတောင်းဆို

မွမ်ဘိုင်း စက်တင်ဘာ ၄

မီးရထားတွဲခေါင်မိုးများပေါ် တက်ရောက်စီးနင်းသွားလာသူများပါဝင်နေသည့် စွန့်စားခန်းရိုက်ကွင်းအား ဇာတ်ညွှန်းအပြောင်းအလဲလုပ်ပေးရန် ဂျိမ်းစ်ဘွန်းရုပ်ရှင်ဇာတ်ကားသစ် ရိုက်ကူးမည့်သူများကို အိန္ဒိယနိုင်ငံက စက်တင်ဘာ ၃ရက်တွင် တောင်းဆိုခဲ့သည်။

ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်ပါ အဆိုပါ စွန့်စားခန်းပြကွက်သည် အိန္ဒိယနိုင်ငံ၏နိုင်ငံပိုင်မီးရထားပြေးဆွဲမှုလုပ်ငန်းအား သိက္ခာချရာရောက်ကြောင်း အိန္ဒိယအစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးရထားတွဲခေါင်မိုးများပေါ် တက်ရောက်စီးနင်းမှုသည် အိန္ဒိယနိုင်ငံ၌ တရားဥပဒေနှင့် ညီညွတ်မှုမရှိသော အပြုအမူဖြစ်သောကြောင့် မိမိတို့ အားပေးအားမြှောက် မလုပ်နိုင်ကြောင်း အိန္ဒိယမီးရထားဝန်ကြီးဌာန ဝန်ကြီး ဒီးနက်ရှ်ထရီဗီဒီက ပြောကြားခဲ့သည်။

ဇာတ်ညွှန်းအရ ဂျိမ်းစ်ဘွန်းမင်းသား ဒန်နီယယ်လ်ခရိတ်ဂ်ျသည် တွဲခေါင်မိုးများပေါ်၌ ခရီးသည်များလိုက်ပါလာသော ရထားတစ်စင်းခုတ်မောင်းနေစဉ် တွဲတစ်တွဲ၏ခေါင်မိုးပေါ်သို့ မော်တော်ဆိုင်ကယ်တစ်စင်းပေါ်မှ ခုန်ကူးရမည်ဖြစ်သည်။

ယူဆသွားနိုင်

ဂျိမ်းစ်ဘွန်းဇာတ်ကားသစ် မူလဇာတ်ညွှန်းကြောင့် မီးရထားတွဲခေါင်မိုးများပေါ်၌ ခရီးသည်များလိုက်ပါခြင်းကို အိန္ဒိယနိုင်ငံ၏မထူးဆန်းသော အစဉ်အလာတစ်ရပ်အဖြစ် အများက ယူဆသွားနိုင်ကြောင်း အိန္ဒိယမီးရထားဝန်ကြီးဌာန ဝန်ကြီးက ပြောကြားသည်။

ရထားတွဲခေါင်မိုးများပေါ်၌ ခရီးသည်များ လိုက်ပါစီးနင်းပုံကို နောက်ခံရိုက်ကွင်းအဖြစ်မထားရှိဘဲ ဂျိမ်းစ်ဘွန်းမင်းသားအနေဖြင့် စွန့်စားခန်းပြကွက်အား သရုပ်ဆောင်နိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အော်စကာဆုရ ဒါရိုက်တာ ဆမ်မင်းဒက်စ်စီစဉ်ညွှန်ကြားမည့်အဆိုပါ ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်ကို အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၊ အမီဒါဘက်ဒ်မြို့နှင့် ဂိုအာပြည်နယ်များ၌ ရိုက်ကူးသွားမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ နိုင်ငံပိုင် မီးရထားပြေးဆွဲမှုလုပ်ငန်းသည် ဝန်ထမ်းအင်အား ၁ ဒသမ ၄သန်းဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိသော နိုင်ငံပိုင်အကြီးဆုံးလုပ်ငန်းဖြစ်ပြီး နေ့စဉ်နေ့တိုင်း ခရီးသည် ၁၉သန်းတို့အား မီးရထားအစင်းပေါင်း ၁၁၀၀၀ တို့ဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

အင်တာနက်။

ဗင်နွာတူတွင် အင်အားပြင်းငလျင်လှုပ်

ဆူဗား စက်တင်ဘာ ၄

ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သော ဗင်နွာတူတွင် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး ၇ ဒသမ သုညအဆင့်ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်ခဲ့ကြောင်း ဗင်နွာတူ ငလျင်ဗေဒပညာရှင်များက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ ငလျင်သည် ဗင်နွာတူနိုင်ငံ တန်နာကျွန်း၏ တောင်-အရှေ့တောင်ဘက် ၇၅ မိုင်ခန့်အကွာ မြေအောက်အနက် ၈၃ ဒသမ ၃ မိုင်ကို ဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တန်နာကျွန်းဝန်းကျင် ကျွန်းများရှိ ကျေးရွာများမှာ ငလျင်ဒဏ်ကြောင့် အပျက်အစီးအနည်းငယ်ရှိနိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ ငလျင်လှုပ်ပြီးနောက် ပစိဖိတ်ဆူနာမီအန္တရာယ်သတိပေးဌာနနှင့် ဗင်နွာတူအစိုးရတို့က ဆူနာမီရေလှိုင်းအန္တရာယ် သတိပေးချက်များ ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ **ဆင်ဟွာ။**

ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်

သားကြီးက ပြောခိုင်းလို့ ဒီစာကိုရေးဖြစ်တာပါ----

ဖြစ်ပုံကသည်လို----

မနေ့ကမနက်က ရုံးကိုရောက်တော့ ထုံးစံအတိုင်းပေါ့။ Laptop ကို ဖွင့်တယ်။ အင်တာနက်နဲ့ ချိတ်ဆက်လိုက်တယ်။ ပြီးတော့ အီးမေးလ်တွေကို အရင်စစ်ရတယ်။ CCTV, KCC, NBT က ပို့လိုက်တဲ့ အီးမေးလ်တွေ ဝင်နေတာ တွေ့လိုက်ရတယ်။ အရေးကြီးတဲ့ CCTV နဲ့ သတင်းကိစ္စညှိထားတာတွေကို အရင်ရှင်းလိုက်တယ်။ သည့်နောက်တော့ KCC (Korea Communication Centre) နဲ့ ပြောထားတဲ့ စက်ပစ္စည်းတွေကိစ္စကို ရှင်းလိုက်ရပြန်တယ်။ နောက်တစ်စောင်က National Broadcasting Thailand (NBT) က ရုပ်သံအစီအစဉ်ရိုက်ကူးရေးအဖွဲ့ လာမယ့်ကိစ္စဆိုတော့ သူ့ကိုလည်း ဦးစားပေးစာရင်းသွင်းပြီး ရှင်းရတာပေ့ါ။ အဲသည်အီးမေးလ်ကို ရေးနေတုန်း Laptop Screen မှာ တစ်ယောက်ယောက်က Chating လုပ်ဖို့ ခေါ်နေတာကို မြင်လိုက်တယ်။ ဘယ်သူလဲ-မှန်းစမ်းလို့ ကြည့်လိုက်တော့မှ ဘုရားဒကာပါလား။ Hi- Dad တဲ့။ ဟိုင်းဒက်ကို ဟိုင်းတက် (High-Tech) နဲ့ ခေါ်နေပြီပေ့ါလေ။ (ကျွန်တော်က ကျွန်တော့်သားကို ချစ်စနိုးနဲ့ ဘုရားဒကာလို့ တစ်ခါတစ်ခါ ခေါ်လေ့ရှိပါတယ်။ ဖြစ်စေချင်တာလည်း ပါပါတယ်။ ထားပါတော့လေ။ ဒါကစကားချပ်ပါ။) စင်ကာပူကနေ လှမ်းခေါ်တာပေ့ါ။ အလုပ်လည်းလုပ်၊ တက္ကသိုလ်လည်း တက်နေရရှာပါတယ်။ ညအလုပ်လုပ်။ နေ့နား။ ညနေ ၇ နာရီမှာ တက္ကသိုလ်တက်။ Part time လေ။ ငါးနှစ်တက်ပြီးအောင်မှ ဘွဲ့ရမှာပါ။ ည ၁၀ နာရီမှာကျောင်းပြီး။ အလုပ်ကိုဆက်သွား။ တစ်ညလုံး Night Duty ဝင်ပေတော့။ သူ့စရိတ်နဲ့သူရှာ တက်နေတာပေ့ါ။

ကဲပြော။ ဘာထူးသလဲပေ့ါ။ Nothing တဲ့၊ Miss you Dad တဲ့။ အဖေ့ကို သတိရလို့ပါတဲ့။ သူ အဖေကိုသတိရတာက ကြောက်ဖို့ကောင်းပါတယ်။ သတိမရပါစေနဲ့လို့ အမြဲဆုတောင်းနေရပါတယ်။ နှစ်ခါသုံးခါလောက် သတိရတယ်လို့ပြောလာရင် အိမ်လခဘယ်လောက်လိုနေလို့၊ ဘယ်သူ့ဆီက တစ်ဆင့် ဘယ်လောက်ပေးရမလဲလို့ မေးလိုက်ရင် မိဘဝတ္တရားကျေပြီ။ သူပြောတဲ့အတိုင်းပို့ဖို့ ပေါင်နှံရောင်းချပေတော့ပေ့ါ။ မိဘတို့ဝတ္တရားရှိသည့်အတိုင်းပေ့ါလေ။ ဟော့ကောင် ဘယ်လောက်လိုနေပြန်ပြီလဲပေ့ါ။ ရင်ထဲမှာလည်း တထိတ်ထိတ်နဲ့။ များများမတောင်းပါစေနဲ့ပေ့ါ။ အိမ်သူရဲ့ လက်ကိုလည်း စိတ်ထဲမှာမြင်နေပြီ။ မိန်းမလက်တော့ ပေ့ါပေ့ါပါးပါး ဖြစ်ကိန်းမြင်နေလို့ပါ။ မလိုပါဘူးတဲ့၊ တကယ်သတိရလို့ပါတဲ့။ ဖေကြီးမှာ Google Chat software တင်မထားဘူးလားတဲ့။ အဖေ့မျက်နှာကို တွေ့ချင်တယ်တဲ့။ ငါမလုပ်တတ်ဘူးလို့ ပြောလိုက်တယ်။ ဘယ်လိုလုပ်ရမယ်ဆိုတာ ငါ့ဆီကို အီးမေးလ်ပို့လို့ပြောတော့ I'll Dad တဲ့။ ပို့လိုက်မယ်ဆိုပြီး ဘုရားဒကာက နှုတ်ဆက်ပြီး ထွက်သွားလေရဲ့။ အဲသည့်အချိန်ကျမှ သက်ပြင်းချလိုက်နိုင်တယ်။ ကျွန်တော့်အိမ်သူရဲ့ လက်လည်းနေမြဲ၊ ကံကြီးပေလို့ပေ့ါ။

ဒါနဲ့ ကိုယ့်အလုပ်ကိုယ်ဆက်လုပ်နေလိုက်တာပေ့ါ။ ရုံးစာတွေဆက်ဖတ်။ လုပ်ရကိုင်ရမယ့်အလုပ်တွေကို လုပ်ဖော်ကိုင်ဖက်တွေနဲ့ ညှိလုပ်နေလိုက်တယ်။ ငါးမိနစ်လောက်နေတော့ ကျွန်တော့်ဆီကို ဘုရားဒကာဆီက အီးမေးလ်ဝင်လာတာကိုတွေ့လိုက်ရတယ်။ သည်ကောင်မအိပ်ဘဲနဲ့ ဘာလျှာရှည်ပြန်ပြီလဲပေ့ါ။ သူ့ဘဝက နေ့ဆို အိပ်ထားရတာလေ။ သားကြီးအီးမေးလ်ကို ဖွင့်ကြည့်လိုက်တယ်။

သူ့အီးမေးလ်က နှစ်ပိုဒ်ရေးထားတယ်။ တော်တော်ရှည်ရှည်ရေးထားတာပေ့ါ။ အင်္ဂလိပ်လိုရေးထားတာပါ။ ရေးသားထားတာလည်း တော်တော်မှန်မှန်ကောင်းကောင်းမွန်မွန်ဆိုတာ တွေ့လိုက်ရပါတယ်။ ဆက်လည်းကြိုးစားနိုင်ပါစေလို့လည်း ဆုတောင်းလိုက်ရပါသေးတယ်။ အလုပ်လုပ်ရင်းနဲ့ ကျောင်းတက်ရတဲ့ကိစ္စက တော်တော်လေးခက်ခဲကြောင်း၊ ဘဝရဲ့အနှစ်သာရကို သူရှာဖွေတွေ့ရှိပြီလို့ထင်ကြောင်း၊ နေ့လယ်မှာ ၆ နာရီလောက်အိပ်၊ ထမင်းကို ကမန်းကတန်းစား၊ ကျောင်းကိုပြေး၊ ကျောင်းပြီးတာနဲ့ တစ်ညလုံး အလုပ်လုပ်။ အလုပ်ခွင်ထဲမှာ မအိပ်ရဘူး။ တစ်ညလုံးစက်တွေကို လှည့်ကြည့်နေရတာတွေ။ Micro Chips တွေထုတ်တဲ့ စက်တွေဆိုတော့ Wafer တစ်ခု ပျက်ရင် ဒေါ်လာလေးငါးရာလောက်ရှုံးပြီဆိုတော့ အလုပ်ကလည်း သေသေချာချာလည်းပေး၊ သေသေချာချာလည်းစေ့နေအောင်ခိုင်းတာပေ့ါ။ အလုပ်က မနက် ၁၀ နာရီမှထွက်၊ အိမ်ရောက်တော့ ၁၂ နာရီ၊ တစ်ပတ်လည်ပြီပေ့ါ။ ဒါ့ကြောင့် ပင်ပန်းတယ် (Tired) ဆိုတာထက် ခြေကုန်လက်ပန်းကျတယ် (Exhausted) ဖြစ်တယ်ဆိုတဲ့အကြောင်း၊ ဒါပေမယ့် အင်ဂျင်နီယာဘွဲ့တစ်ခု ရအောင်လုပ်ပြမယ်လို့ ကတိပေးရှာပါတယ်။ စာရဲ့ ဒုတိယအပိုဒ်မှာတော့ သူ့ညီမဆေးကျောင်းတက်နေတဲ့အချိန်၊ လိုတဲ့ပစ္စည်းတွေမှာတာကို ဝယ်ဖို့ ကြိုးစားမယ်ဆိုတဲ့အကြောင်း ရေးထားတယ်။ အဲသည့်စာပိုဒ်အဆုံးမှာ သူရေးထားတာက သည်လို၊ သူရေးထားတဲ့အတိုင်း ကျွန်တော်ပြန်ကူးရေးထည့်ပေးလိုက်ပါတယ်။

[---- I don't think I could come back this year again, with all the school stuffs, work stuffs, and exams. May be early months of 2012, I would be able to squeeze myself into Yangon. By the way, The Income Tax from our government decreased until 2%, so if you had a chance, please say thank you to them, for me. I'll take care of those tax things in August, definitely----]

သူပြောချင်တာကတော့ ကျောင်း၊ အလုပ်၊ စာမေးပွဲတွေကြောင့် မြန်မာပြည်ကို သည်နှစ်ထဲမှာ မလာနိုင်ဘူးလို့ထင်တဲ့အကြောင်း၊ ၂၀၁၂ နှစ်ဆန်းလောက်ကျမှ လာနိုင်မယ်လို့ ထင်ကြောင်းနဲ့ စကားမစပ် အဖေရေတဲ့ သားတို့အစိုးရက ဝင်ငွေခွန်ကို ၂ ရာခိုင်နှုန်းထိ လျှော့ချလိုက်တယ်လို့သိရပါတယ်တဲ့။ အဖေ့အနေနဲ့ ပြောဖို့အခွင့်သာရင် သူတို့(အစိုးရ)ကို ကျေးဇူးတင်ကြောင်း သူ့ကိုယ်စားပြောပေးပါတဲ့။ ကျွန်တော်လည်း ပေးရမယ့်အခွန်ကို သည်လ ဩဂုတ်လမှာ အသေအချာသွားဆောင်(သံရုံးမှာ)ပါ့မယ်လို့ပြောတာပါပဲ။

ဒီစကားက သူ့ရင်ထဲကလာတာလို့ ကျွန်တော် ဒက်ထိပြောရဲပါတယ်။ သူ့အသက် (၁၇) နှစ်မှာ စင်ကာပူရောက်၊ စကော်လာထောက်ပံ့ကြေးရလို့ Singapore Republic Poly တက်ခွင့်ရပေမယ့် အိမ်လခ၊ ထမင်းစရိတ်နဲ့ အထွေထွေအတွက် လခစားမိဘတွေက နည်းနည်းမျှခံပြီး ကျန်တာကို သူအလုပ်လုပ်ပြီးရှာရတာ။ သူ့အလုပ်က --မိဘဆိုတော့ ကျွန်တော်ပြောမထွက်ဘူး။ Labour ပေ့ါ။ အလုပ်(ကြမ်း)သမားပါ။ အခု ဒီပလိုမာရပြီးတော့ အမြဲတမ်းအလုပ်ရမှ လက်ထောက်အင်ဂျင်နီယာ။ အင်ဂျင်နီယာဆိုပေမယ့် အပေါ်မှာ ရေးပြခဲ့သလို တန်အောင်လုပ်ပေးရတာ။ အဲသည်လို ရထားတဲ့ လစာငွေရဲ့ ဝင်ငွေခွန်ကို သူဆောင်ဖို့ကျတော့ သိတဲ့အတိုင်းပဲလေ။

အဲသည့်စာပိုဒ်က ခေတ်စကားနဲ့ပြောရရင် ကျွန်တော် ဟတ်(Heart) ထိသွားတယ်။ သားကြီးက (၁၉၈၉)မွေးတော့ အခုဆို အသက် (၂၂) နှစ်ရှိပြီ။ သူ့ရဲ့ လုပ်အားနဲ့ရတဲ့ ဝင်ငွေအတွက် အခွန်ဆောင်ရမှန်းသူသိတယ်။ ဆောင်လည်း ဆောင်ချင်တယ်။ ဆောင်ဖို့လည်း ပြင်ထားတယ်။ ဒါမှလည်း သူ ရှေ့ဆက်အလုပ်လုပ်ဖို့တို့၊ မြန်မာပြည်ပြန်လာဖို့တို့မှာ ဥပဒေနဲ့အညီ လုပ်နိုင်မှာလေ၊ ပေးရမှာသိပေမယ့် ပေးဖို့ပြင်ထားပေမယ့် ပုထုဇဉ်သဘာဝ အလကားပေးရသလိုဖြစ်နေတော့ နှမြောမှာပေ့ါလေ။ ဒါပေမယ့် တွန့်ဆုတ်တွန့်ဆုတ် (အမှန်တိုင်းပြောတာပါ)။ ဟောအခုတော့ ကြည့်စမ်း။ ဝင်ငွေခွန်ကို လျှော့ပေးလိုက်တာ။ ၁၀ ရာခိုင်နှုန်းကနေ ၂ ရာခိုင်နှုန်းအထိ လျှော့ချပေးလိုက်တယ်။ အရပ်စကားပြောရရင် ငါးပုံတစ်ပုံပဲဆောင်ကြပေတော့။ ဒေါ်လာ ၁၀၀ အခွန်ဆောင်ရမယ့်လူက ဒေါ်လာ ၂၀ ပဲ ဆောင်ရတော့မှာ။ ဘယ်တုန်းကများ၊ ဘယ်သူများ သည်လိုလုပ်ဖို့ ဆောင်ရွက်ခဲ့ဖူးကြသလဲဆိုတာ အားလုံးသိနေပြီးသားမို့ ကျွန်တော်ထပ်ပြီး ဇာချဲ့ရန်မလိုတော့ပါ။ သူတို့လည်း အခွန်ဆောင်နိုင်။ (ရှောင်ရန်မလိုတော့)။ အစိုးရလည်း အခွန်တွေရ။ နှစ်ဦးနှစ်ဖက်ကောင်းတဲ့ဘက်ကို ရွေးရှုကြလို့ပေ့ါလေ။ အဟောသုခံ ချမ်းသာပေစွ။ မြင်အောင်ပြောရရင် သုဝဏ္ဏသာမဇာတ်တော်ကြီးထဲကလို သားရွှေအိုးထမ်းလာသလိုပေ့ါနော်။ ဒါကို ဘုရားဒကာက အစိုးရကို ကျေးဇူးတင်ကြောင်း ပြောပေးပါတဲ့။ ကလေးသာသာ (ကျွန်တော့်အမြင်ပြောတာ) သူ့အတွေးထဲမှာတောင် အစိုးရကို ကျေးဇူးတင်နေပါတယ်။ မပြောသာလို့ ဘယ်လိုပြောရမှန်း မသိလို့သာနေရမယ်၊ သားကြီးလိုအတွေးနဲ့ တကယ့်ကို (လပိုင်းသာတာဝန်ထမ်းဆောင်ရသေးတဲ့) အစိုးရရဲ့ နိုင်ငံသားတွေအတွက် စေတနာထား လုပ်ပေးနေတဲ့ ကြိုးပမ်းစွမ်းဆောင်ချက်တွေကို ကျေးဇူးတင်နေတဲ့သူတွေ၊ အသိအမှတ်ပြုနေသူတွေ ဒုနဲ့ဒေးရှိပါတယ်။ ဒါသေချာတယ်။ မြေထုနဲ့ ရေထုကိုသက်သေထူပြီး ကုသိုလ်ပြု အမျှအတန်းဝေနေတဲ့ ဗုဒ္ဓဘာသာဝင်တွေရဲ့ မှန်သောစကားပါ။ စေတနာမှန်ရင် ကောင်းသော အကျိုးတရားတွေရတယ်ဆိုတာကို သည်နေရာမှာ ကျွန်တော် မှတ်မှတ်သားသား မြင်တွေ့လိုက်ရပါတယ်။

စာကြီးသား (ပနီပင်)

ကျွန်တော်တို့တွေဟာ မြန်မာနိုင်ငံသားတွေဖြစ်ပါတယ်။ စာနာထောက်ထားမှုတွေ၊ နားလည်မှုတွေ၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှုတွေ၊ အတ္တထက်ပရကိုဦးစားပေးဖို့တွေဆိုတဲ့ ဗြဟ္မစိုရ်တရားတွေကို ငယ်ငယ်ကတည်းက နေရာမရွေး၊ အချိန်မရွေး ကြားခဲ့ရ၊ သင်ခဲ့ရ၊ ကျင့်ကြံခဲ့ကြ၊ ကြိုးစားခဲ့ကြသူတွေပါ။

ကျွန်တော်တို့နိုင်ငံကို ကျွန်တော်တို့အားလုံးချစ်တယ်။ ချစ်တယ်ဆိုတာကိုလည်း ကျွန်တော်တို့အားလုံး(အပြန်အလှန်) သိကြပါတယ်။ မြန်မာကိုတိုးတက်နေတဲ့ ကမ္ဘာ့နိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်စေချင်တယ်။ ကျွန်တော်တို့အားလုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ မနုသတ္တဘာဝေါဒုလ္လဘောဆိုတဲ့ ရခဲလှတဲ့လူ့ဘဝကို ဖြတ်သန်းသွားချင်ကြတယ်ဆိုတာကို အားလုံးသိကြပါတယ်။ အဲသည့်အခြေအနေရောက်အောင် ကျွန်တော်တို့တစ်ဦးတစ်ယောက်တည်း ဘယ်လိုမှမလုပ်နိုင်ဘူးဆိုတာလည်း သိကြပါတယ်။ ပိုက်ကွန်ထဲမှာမိနေတဲ့ ကြက်တူရွေးအုပ်စုကြီးဟာ ခေါင်းဆောင်ကြီးရဲ့ အကြံဉာဏ်၊ ခေါင်းဆောင်မှုနဲ့ အားလုံးတစ်ပြိုင်တည်း ရုန်းကန်ပျံသန်းလိုက်တဲ့အခါ အနှောင်အဖွဲ့နဲ့ ဘေးအန္တရာယ်က လွတ်မြောက်၊ ချမ်းသာရောက်ခဲ့ကြရတဲ့ သာဓကကိုလည်း ကျွန်တော်တို့မူလတန်းကျောင်းသားအရွယ်ကတည်းက သင်ယူခဲ့ပြီးသားပါ။ သိပြီးသားပါ။ အဲသည်အသိကို လက်တွေ့ကျင့်ကြံကြဖို့ပဲ လိုပါတော့တယ်။

လက်ရှိကျွန်တော်တို့ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ကျော်လွှားလွန်မြောက်ဖို့အရေးဟာ (ခေတ်စကားနဲ့ ပြောရရင်) ပါးပါးလေးပဲ ကျန်ပါတော့တယ်။ အဲသည့် ပါးပါးလေးကို ကျော်လွှားလွန်မြောက်ဖို့ အစိုးရရဲ့ စွန့်လွှတ်တဲ့၊ သည်းခံတဲ့၊ ကျွန်တော်တို့ပြည်သူတွေအတွက် မတွန့်မဆုတ်နဲ့ ယုံကြည်ရာကို ရိုးရိုးသားသားနဲ့ လုပ်ပြနေတဲ့ ထင်ရှားတဲ့ လုပ်ဆောင်ချက်တွေကို မျက်ဝါးထင်ထင် မြင်နေရတာပါ။ ပြည်သူတွေဘက်ကလည်း အစိုးရကို ယုံယုံကြည်ကြည်နဲ့ ပူးပေါင်းလုပ်ကိုင်နေကြတာ၊ အပြစ်မမြင် ချစ်ခင်နေကြတာတွေဟာလည်း အိပ်မက်ထဲမှာပဲ မက်ခဲ့ရတာတွေကို မျက်စိနဲ့တပ်အပ်မြင်နေ၊ ကြားနေကြရတာမို့ ကျွန်တော်ထပ်ပြီး အကျယ်ချဲ့ဖို့၊ ကွန့်ဖို့မလိုတော့ပါ။ တကယ်ကို ဖြူစင်တဲ့စေတနာ၊ ရိုးသားတဲ့ပူးပေါင်းဆောင်ရွက်မှု၊ တက်ကြွတဲ့လုံ့လဝီရိယတို့ကို အချိုးညီညီပေါင်းစပ်ဖို့သာ လိုပါတော့တယ်။ ကျန်တာတွေက အသေးအဖွဲ့တွေပါ။ ကျွန်တော်တို့ဟာ ကျောက်ဖျာကိုဖောက်နိုင်မှ ရေကြည်သောက်ရမယ့်ဘဝ မဟုတ်တော့ပါဘူး။ Tap ကလေးကို လက်နဲ့လှည့်ဖွင့်ပေးလိုက်ဖို့ပဲလိုပါတယ်။ ပိတ်ထားတဲ့ Tap လေးကို လှည့်ပေးလိုက်တာနဲ့ ရေကြည်ချမ်းမြ သောက်ရေသန့်တွေက စီးဆင်းထွက်ပေါ်ကျလာတော့မှာပါ။ သည်အချက်ကို မီးမောင်းထိုးတင်ပြလိုပါတယ်။

သားကြီးကပြောခိုင်းတာကို ပြောလိုက်ခွင့်ရလို့ အလွန်အကျိုးရှိပါတယ်။

နိုင်ငံနဲ့လူမျိုးကိုချစ်တဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ တင်ပြခွင့်ရလို့လည်း ကျေးဇူးအထူးတင်ပါတယ်။

ပြိုင်တူတွန်းလိုက်ကြရအောင်ပါ။ ရွေ့ကိုရွေ့သွားမှာ သေချာပါတယ်။

အားလုံးသိကြပါတယ်။

ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်။ ။

ပညာဂုဏ်ရောင် အလင်းဆောင်

စာကြည့်တိုက်များအတွက် သုတရသစာအုပ်များ လှူဒါန်း

မန္တလေး စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတရသစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၄ ရက် ညနေ ၄ နာရီက မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အလှူရှင်က လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မြဝတီမင်းကြီးလမ်းနေ ဦးဘုန်း(ဓာတု)က ငွေကျပ် နှစ်သိန်းလေးသောင်းတန်ဖိုးရှိ သုတရသစာအုပ် ငါးမျိုး စုစုပေါင်း စာအုပ် ၁၅၀ နှင့် ငွေကျပ်သုံးသိန်း တန်ဖိုးရှိ တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းဟောင်းများ (အမေး-အဖြေ) စာအုပ် ၂၀၀ အုပ်ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးက လက်ခံရယူပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ (၆၃၄)



မန္တလေးမှ စာရေးဆရာများ ဦးဆောင်ပြီး မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်ရှိ အမှတ်(၃၈) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းစာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲကို စက်တင်ဘာ ၁ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပစဉ်။ (၀၀၂)

ရောင်နီဦးစာကြည့်တိုက် မြောင်းမြမြို့နယ်၌ ဖွင့်

မြောင်းမြ စက်တင်ဘာ ၄

မြောင်းမြမြို့နယ် သိလ္လာဂါတ်စု ကျေးရွာအုပ်စု ကမ်းနီကျေးရွာ၌ ရောင်နီဦး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၂၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါစာကြည့်တိုက်သည် အလျား ၂၇ ပေ၊ အနံ ၂၁ ပေ၊ အုတ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ သံဆန်ခါကပ် အမျိုးအစားဖြစ်ပြီး TV၊ SKY-NET စလောင်းများတပ်ဆင်ထားရှိကာ သုတ၊ ရသ စာအုပ်စာစောင် ၅၀၀ ခန့်နှင့် ကျေးရွာပြည်သူများနှင့် အလှူရှင်တို့က ငွေကျပ် ၁၆ သိန်းကျော် ကျခံဆောက်လုပ်လှူဒါန်းထားကြောင်း သိရသည်။

(အောင်မင်း/မြောင်းမြ)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ရှုခင်းသာရပ်ကွက်ရှိ ရှုခင်းသာ စာကြည့်တိုက်ကို ဩဂုတ် ၂၂ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နုနုရီ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ စာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံ ပြီး စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားစဉ်။

(ကြေးမုံ)

ဧရာဝတီတိုင်းဒေသကြီးရှိ ပေါင်းဆန်စက်ရုံ သုံးရုံမှ ထုတ်လုပ်သော ပေါင်းဆန်များ ရုရှားဈေးကွက်သို့ တင်ပို့

သတင်းမြင်ကွင်း
မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ-သာဥာဏ်(သတင်းစဉ်)

ဖွဲနုအလွှာရှိ ဗီတာမင်များသည် ရေငွေ့နှင့်အတူ ဆန်အတွင်းပိုင်းသို့ ဝင်ရောက်သွားသောကြောင့် ရိုးရိုးဆန်ဖြူထက် ပရိုတင်း၊ ဗီတာမင်နှင့် သတ္တုဓာတ်များ ပိုမိုပါဝင်ပြီး အဆီဓာတ်ပါဝင်မှု လျော့နည်းခြင်း၊ ဗီတာမင် B1 ပိုမိုပါဝင်သဖြင့် ဘယ်ရီဘယ်ရီ ရောဂါများ မဖြစ်ပေါ်နိုင်ခြင်း၊ အိုးတက်မှုကြောင့် စားသုံးမှု ပမာဏလျော့ကျသွားသဖြင့် ဆီးချို၊ သွေးတိုးရောဂါအတွက် သင့်လျော်ခြင်းတို့ကြောင့် ပေါင်းဆန်သည် ပြည်ပဈေးကွက်တွင် မျက်နှာပန်းလှလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေး၊ ကျိုက်လတ်နှင့် အိမ်မဲမြို့တို့တွင် ပေါင်းဆန်စက်ရုံသုံးရုံ တည်ဆောက် လည်ပတ်လျက်ရှိပြီး **(အောက်ယာပုံ)** ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော ပေါင်းဆန်များကို ရုရှားနိုင်ငံ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဘိုကလေးမြို့ အောင်ရတနာသန်း ဆန်စက်မှ စက်ပိုင်ရှင် ကိုမျိုးမင်းအောင်က "မိမိတို့ ပေါင်းဆန်စက်ရုံကို ၂၀၁၀ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၂၀၁၁ ခုနှစ် မေလတွင် စတင်လည်ပတ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ဈေးကွက်မရှိသော်လည်း ပြည်ပဈေးကွက်တွင် ခေတ်စားလာသည်က တစ်ကြောင်း၊ မိမိတို့ နိုင်ငံတွင်လည်း ပေါင်းဆန်ထုတ်လုပ်နိုင်ကြောင်းကို သိစေချင်သည်က တစ်ကြောင်းကြောင့် မိဘလက်ငုတ် တစ်နေ့တန် ၄၀ ကျ ဆန်စက်ရှိသော်လည်း ပေါင်းဆန်စက်ရုံကို ထပ်မံတည်ဆောက်ခြင်းဖြစ်ကြောင်း၊ ပေါင်းဆန်ထုတ်လုပ်မှု အဆင့်ဆင့်မှာ စပါးကို အပူဖြင့် ရေစိမ်ပြီး အခိုးဖြင့် ပေါင်းရကြောင်း၊ ယင်းနောက် တင်း ၅၀၀ ဆံ့ အခြောက်ခံစက်ဖြင့် တစ်ရက်ကြာမျှ အခြောက်ခံရပြီး ဆန်အဖြစ် ပြန်ကြိတ်ရကြောင်း" ဖြင့် ရှင်းပြသည်။

ပြည်ပဈေးကွက်သို့ တင်ပို့မှုအနေဖြင့် "ရုရှားဈေးကွက်ကို ပထမဦးဆုံး ထိုးဖောက်တင်ပို့နိုင်ပြီဖြစ်ကြောင်း၊ ပထမအခေါက်တွင် ပေါင်းဆန် ၁၂၅ တန်နှင့် ဒုတိယအခေါက်တွင် ပေါင်းဆန် တန် ၂၅၀ တင်ပို့ ပြီးဖြစ်ကြောင်း၊ ယခု တတိယအခေါက်တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း၊ ရုရှားမှ ဆန်ဝယ်ယူသူ (Buyer) များက ကမ္ဘာ့အဆင့်မီကြောင်းကိုပြောကြကြောင်း၊ ရုရှားအပြင် ဘင်္ဂလားဒေ့ရှ်ကလည်း ဝယ်ယူရန် အမှာစာများရောက်ရှိကြောင်း၊ ယခုလတ်တလော လုံးတီးအဆင့်သာ ဘိုကလေးတွင်ဆောင်ရွက်ပြီး ရန်ကုန်ကစက်တွင် အချောကြိတ်ကြောင်း၊ နောင်တွင် တိုင်းဒေသကြီးအစိုးရ၏ ပံ့ပိုးမှုဖြင့် ဘိုကလေးစက်မှာပင် အချောကြိတ်ပြီး ပုသိမ်ဆိပ်ကမ်းမှတစ်ဆင့် တိုက်ရိုက်တင်ပို့ရန် ကြိုးစားနေကြောင်း၊ စရိတ်စကပိုသက်သာသွားမည်ဖြစ်ကြောင်း၊ ရုရှားဈေးကွက်တွင် ပေါင်းဆန်တစ်တန်ကို အမေရိကန် ဒေါ်လာ ၄၈၀၊ ၄၉၀ ရကြောင်း၊ ယခု အနည်းဆုံး အမေရိကန်ဒေါ်လာ ၅၃၀ အထိ တိုးပေးသွားမည်ဟု ကမ်းလှမ်းထားကြောင်း" ပြောကြားသည်။

အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်မှုအနေဖြင့် "မိမိတို့ ဆန်စက်၌ ပခုံးထမ်းလုပ်သား ၈၀ နှင့် အမြဲတမ်းဝန်ထမ်း ၄၀ ရှိကြောင်း၊ စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု ထိန်းသိမ်းဆောင်ရွက်ချိန်မှအပ အမြဲတမ်း စက်လည်ပတ်လျက်ရှိကြောင်း၊ ကုန်ကြမ်းစပါးများကို ဧရာဝတီတိုင်းဒေသကြီးမှပင် ဝယ်ယူကြောင်း၊ ပေါင်းဆန်ကို မိမိတို့နိုင်ငံ၌ စားလေ့စားထ နည်းကြသော်လည်း အိန္ဒိယတွင် ၉၀ ရာခိုင်နှုန်းခန့် ပေါင်းဆန်ကို စားကြကြောင်း၊ လုပ်ငန်းအဆင်ပြေသည်နှင့်အမျှ ပေါင်းဆန်ထုတ်လုပ်မှုကို တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း" ပြောကြားသည်။

ပြည်တွင်းဈေးကွက်စီးပွား

နိုင်လင်းကြည်

ပြည်တွင်းစားသုံးဆီဈေးကွက်များတွင် စားသုံးဆီသီးနှံများ၏ ဈေးနှုန်းအပြောင်းအလဲများကြောင့် စားသုံးဆီဈေးနှုန်းများမှာလည်း ဈေးကွက်အလိုက် အတက်အကျများ ဖြစ်ပေါ်ခဲ့သည်။

ပဲဆီ။ ။ ရန်ကုန်ပဲဆီဈေးကွက်တွင် ဩဂုတ်လနှောင်းပိုင်းက ပဲဆီတစ်ပိဿာ ဈေးနှုန်း ငွေကျပ် ၃၇၀၀ ခန့်ရှိခဲ့ရာမှ စက်တင်ဘာလဆန်းပိုင်းတွင် ဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့သည်။ မန္တလေးနှင့် ပဲခူးပဲဆီ ဈေးကွက်များတွင်လည်း စက်တင်ဘာလဆန်းပိုင်းအရောက်တွင် ပဲဆီတစ်ပိဿာ ဈေးနှုန်း ငွေကျပ်၃၂၀၀ ဝန်းကျင်ခန့်အထိ ကျဆင်းခဲ့ပြီး မကွေးပဲဆီဈေးကွက်မှာ ပဲဆီတစ်ပိဿာဈေးနှုန်း ငွေကျပ် ၃၆၀၀ ဖြစ်သည်။ ကျန်ပဲဆီဈေးကွက်များတွင်မူ ဈေးနှုန်း အနည်းငယ်အေးနေသည်။

နှမ်းဆီ။ ။ နှမ်းဆီဈေးကွက်မှာ အတက်အကျများဖြင့် ရောထွေးလျက်ရှိသည်။ ရန်ကုန်နှင့် မန္တလေးနှမ်းဆီဈေးကွက်များတွင် ဩဂုတ်လနှောင်းပိုင်းကထက် ဈေးနှုန်း အနည်းငယ်တက်လာခဲ့ပြီး မကွေးနှမ်းဆီဈေးကွက်တွင် ယခင်လနှောင်းပိုင်းက နှမ်းဆီတစ်ပိဿာဈေးနှုန်း ငွေကျပ် ၂၃၀၀ ခန့်ရှိခဲ့ရာမှ ငွေကျပ် ၂၂၀၀ ခန့်အထိလည်းကောင်း၊ ပဲခူးနှမ်းဆီဈေးကွက်တွင် ယခင်လနှောင်းပိုင်းက နှမ်းဆီတစ်ပိဿာဈေးနှုန်း ငွေကျပ် ၃၀၀၀ ရှိခဲ့ရာမှ ယခု စက်တင်ဘာလဆန်းပိုင်းတွင် ငွေကျပ် ၂၇၀၀ ဝန်းကျင်အထိ ကျဆင်းခဲ့သည်။

စားအုန်းဆီ။ ။ စားအုန်းဆီဈေးကွက်အသီးသီး၏ ဩဂုတ်လနှောင်းပိုင်းအထိ စားအုန်းဆီ တစ်ပိဿာဈေးနှုန်းမှာ ရန်ကုန်စားအုန်းဆီဈေးကွက်တွင် စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၁၇၀၀၊ မန္တလေးစားအုန်းဆီဈေးကွက်တွင် ငွေကျပ် ၁၈၀၀၊ ပဲခူးနှင့် တောင်ကြီး စားအုန်းဆီဈေးကွက်များတွင် စားအုန်းဆီတစ်ပိဿာ ဈေးနှုန်း ငွေကျပ် ၁၉၀၀နှင့် အခြား စားအုန်းဆီဈေးကွက်များတွင်လည်း ဈေးကွက်၏ ရောင်းလိုအားနှင့် ဝယ်လိုအားတို့ပေါ် အခြေခံ၍ဈေးနှုန်းပြောင်းလဲမှုအမျိုးမျိုး ဖြစ်ပေါ်လျက်ရှိသည်။

နှမ်း(ဖြူ)။ ။ ဆီထွက်သီးနှံဖြစ်သည့် နှမ်း(ဖြူ)သည်လည်း စားသုံးဆီသီးနှံဈေးကွက်၌ အရည်အသွေးနှင့် အရောင်းအဝယ်ပေါ်တည်မှီ၍ ဈေးနှုန်းအမျိုးမျိုး ဖြစ်ပေါ်ခဲ့ရာ မန္တလေးနှမ်း(ဖြူ)ဈေးကွက်တွင် နှမ်း(ဖြူ)တစ်ပိဿာဈေးနှုန်း ယခင်လနှောင်းပိုင်းက ငွေ ကျပ် ၁၃၀၀ ခန့်သာရှိခဲ့ရာမှ ယခုလဆန်းပိုင်းတွင် ငွေကျပ် ၁၄၀၀အထိ ရှိလာပြီး မကွေးနှမ်း(ဖြူ)ဈေးကွက်တွင်မူ ဩဂုတ်လနှောင်းပိုင်းက နှမ်း(ဖြူ)တစ်ပိဿာ ငွေကျပ် ၁၄၀၀ ခန့်မှ ယခုလဆန်းပိုင်းတွင် ငွေကျပ် ၁၃၀၀ ခန့်အထိကျဆင်းခဲ့သည်။ ရေစကြို၊ ပခုက္ကူနှင့် မုံရွာနှမ်း(ဖြူ)ဈေးကွက်များ၌ ယခင်လနှောင်းပိုင်းများတွင် နှမ်း(ဖြူ) တစ်ပိဿာဈေးနှုန်း ငွေကျပ် ၁၂၀၀ ဝန်းကျင်ခန့်သာရှိခဲ့သည်။

နှမ်း(နက်)။ ။ နှမ်း(နက်)ဈေးကွက်၏ ဈေးနှုန်းပြောင်းလဲမှုမှာ မန္တလေးနှင့် မကွေးနှမ်း(နက်)ဈေးကွက်များတွင် ဩဂုတ်လနှောင်းပိုင်းကထက် စက်တင်ဘာလဆန်းပိုင်းတွင် နှမ်း(နက်)ဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့သော်လည်း ရန်ကုန်နှင့် ပြည်နှမ်း(နက်)ဈေးကွက်များတွင်မူ ယခင်လနှောင်းပိုင်းကနှင့် နည်းတူ ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့သည်။

ယနေ့ ဖတ်စရာ မှတ်စရာ

မော်လိုက်ခရိုင်၌ ပညာဒါနသင်တန်းများ ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် W.com Centre တို့ ပူးပေါင်း၍ ဝန်ထမ်းများနှင့် ပြည်သူများအတွက် ပညာဒါနသင်တန်းများဖြစ်သည့် ရုံးသုံးကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းနှင့် အခြေခံစာရင်းကိုင်သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် မော်လိုက်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းကျော်နှင့် W.com Centre မှ သင်တန်းတည်ထောင်သူ ဦးဝဏ္ဏထွန်းတို့က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားကြသည်။ သင်တန်းများသို့ သင်တန်းသား ဦးရေ ၂၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။

(သတင်းစဉ်)

သိပ္ပံနည်းကျ စပါးစိုက်ပျိုးနည်းစနစ်များ ရှင်းလင်းပညာပေး

ရန်ကုန် စက်တင်ဘာ ၄

မျက်မှောက်ခေတ်တွင် ပြည်မြန်မာ၏ လယ်ယာတစ်ခွင်၌ မိရိုးဖလာစိုက်နည်းစနစ်အစား သိပ္ပံနည်းကျ စိုက်နည်းစနစ်ကို မလွဲမသွေ အသုံးပြုရန် လိုအပ်လာခဲ့ချေပြီဟု ဆောင်းပါးရှင်တစ်ဦးက ဆိုထားပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားလာစေရန် သိပ္ပံနည်းကျ စိုက်နည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ပုသိမ်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဧရာပုသိမ် ဆန်စပါးအထူးပြုကုမ္ပဏီလီမိတက် အမှတ်(၁)တို့က တောင်သူလယ်သမားများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာက ပံ့ပိုးဆောင်ရွက်သည့်အနေဖြင့် ဩဂုတ် ၃၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် တွန်ပလွန်ကျေးရွာ တွန်ပလွန်ပညာပေးစခန်း၌ ပညာပေးရှင်းလင်းပွဲ တစ်ရပ် ကျင်းပခဲ့သည်။

သိပ္ပံနည်းကျ စပါးစိုက်ပျိုးနည်း ၁၄ ချက်ကို ရှင်းလင်းပြသခဲ့ခြင်းဖြစ်ပြီး ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ အချိန်ကိုက် အချိုးညီစွာ သုံးစွဲရေးနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောခဲ့ကြသည်။ ပညာပေးဆွေးနွေးပွဲသို့ တွန်ပလွန်၊ ကမ်းနီ၊ သစ်ပုတ်ကန်၊ ကြောင်ပန်းကုန်းကျေးရွာများမှ တောင်သူများနှင့် ဧရာပုသိမ် မျိုးသန့်ထုတ်လုပ်ရေး တောင်သူများ တက်ရောက်ခဲ့ကြသည်။

(ကိုကြီးသာ)

အလုံသင်္ဘောကျင်းလုပ်ငန်းများ မြန်မာ့စက်မှုဆိပ်ကမ်းက လွှဲပြောင်းလုပ်ကိုင်ရေး စီစဉ်နေ

ရန်ကုန် စက်တင်ဘာ ၄

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နှစ်စဉ်ခရီးသည် ၂၆ သန်းကျော် ကုန်တန်ချိန် လေးသန်းကျော်ကို စက်ရှိ၊ စက်မဲ့ရေယာဉ် ပေါင်း ၄၂၈ စင်းဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ရေယာဉ်များ၏ ကြံ့ခိုင်မှု၊ ချွတ်ယွင်းပျက်စီးမှုများကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအောက်ရှိ ဒလသင်္ဘောကျင်း၊ ရတနာပုံ(မန္တလေး) သင်္ဘောကျင်း၊ စစ်တွေသင်္ဘောကျင်း၊ အလုံသင်္ဘောကျင်း၊ သံလွင်သင်္ဘောကျင်းနှင့် ချင်းတွင်းသင်္ဘောကျင်းတို့၌ အချိန်နှင့်တစ်ပြေးညီ ကျင်းတင်ပြုပြင်ပေးလျက်ရှိသည်။

ရေယာဉ်များအား ပြုပြင်ပေးလျက်ရှိသည့် သင်္ဘောကျင်းများအနက် ရန်ကုန်ဘက်ကမ်းရှိ သက်တမ်း(၁၀၇)နှစ်ရှိ အလုံသင်္ဘောကျင်းကို ရန်ကုန်ဆိပ်ကမ်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းအတွက် ပုဂ္ဂလိကလုပ်ငန်းဖြစ်သည့် မြန်မာ့စက်မှုဆိပ်ကမ်းက လွှဲပြောင်းလုပ်ကိုင်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(ကိုချစ်)

နိုင်ငံတကာ အနုပညာရပ်ဝန်း

ကိုရီးယားမင်းသမီး ဟန်ဂျီမင်း ဖျော်ဖြေရေးကုမ္ပဏီသစ်နှင့် စာချုပ်ချုပ်

ကိုရီးယားမင်းသမီးချော ဟန်ဂျီမင်းသည် ဖျော်ဖြေရေးကုမ္ပဏီသစ် AM နှင့် လက်တွဲရန် လက်မှတ်ရေးထိုးခဲ့ကြောင်း အင်တာနက်သတင်းတွင်ဖော်ပြသည်။ AM ဖျော်ဖြေရေးကုမ္ပဏီသည် ကိုရီးယားထိပ်တန်း ငွေကြယ်ပွင့်များဖြစ်သည့် ဂျန်ဒေါင်းဂန်နှင့် ဟွန်ဘင်တို့ကို ကူညီပံ့ပိုးပေးနေသော ကုမ္ပဏီဖြစ်သည်။

ကြာသပတေးနေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် AM ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက မိမိတို့အနေဖြင့် ဟန်ဂျီမင်း**(ယာပုံ)**၏ အနုပညာရေးရာလှုပ်ရှားမှုမှန်သမျှကို အစွမ်းကုန် ကူညီပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အသက်(၂၈)နှစ်ရှိ မင်းသမီး ဟန်ဂျီမင်းသည် ၂၀၀၃ ခုနှစ်က Jewel in the Palace ရုပ်သံဇာတ်လမ်းတွဲနှင့် All in ဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး နာမည်ကျော်ထင်ရှားလာသည့် ကိုရီးယားကြယ်တစ်ပွင့်ဖြစ်သည်။

ဟန်ဂျီမင်းသည် ယခုလောလောဆယ် JTBC ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသမည့် ရုပ်သံဇာတ်လမ်းတွဲတစ်ခုတွင် ပါဝင်သရုပ်ဆောင်လျက်ရှိပြီး ယင်းဇာတ်လမ်းတွဲတွင် ကိုရီးယားမင်းသား ဂျန်ဝူဆန်းနှင့် ကင်ဘမ်တို့ ပါဝင်တွဲဖက်သရုပ်ဆောင်ထားသည်။ ***အင်တာနက်။***

ဟာဝိုင်ယီ ရုပ်ရှင်ပွဲတော် ကိုရီးယားရုပ်ရှင် ရှစ်ကား ဖိတ်ကြားခံရ

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ် ဟာဝိုင်ယီမြို့တွင် လာမည့်လ၌ ကျင်းပမည့် ဟာဝိုင်ယီ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ကိုရီးယားရုပ်ရှင်ဇာတ်ကား ရှစ်ကားလာရောက်ပြသရန် ဖိတ်ခေါ်ထားကြောင်း သတင်းများတွင် ဖော်ပြသည်။

ရုပ်ရှင်ပွဲတော် ကျင်းပရေးတာဝန်ရှိသူများ၏ ထုတ်ဖော်ပြောကြားချက်အရ Cyrano Agency ဇာတ်ကား၊ Detective K: Secret of Virtuous Widow ဇာတ်ကား၊ The Recipe ဇာတ်ကား၊ The Unjust ဇာတ်ကား၊ The Journals of Musan ဇာတ်ကား၊ Unstoppable Family ဇာတ်ကား၊ Hello Ghost ဇာတ်ကား **(ယာပုံ)**နှင့် Arirang ဇာတ်ကားများကို အောက်တိုဘာ ၁၃ ရက်မှစတင်၍ ၁၁ ရက်ကြာ ကျင်းပမည့် (၃၁)ကြိမ်မြောက် ဟာဝိုင်ယီရုပ်ရှင်ပွဲတော်တွင် လာရောက်ပြသရန် ဖိတ်ခေါ်ထားသည်ဟု ဆိုသည်။

ယခင်ကျင်းပခဲ့သည့် အဆိုပါ ရုပ်ရှင်ပွဲတော်များတွင် ကိုရီးယားဇာတ်ကားများဖြစ်သည့် ၁၉၉၂ ခုနှစ်တွင် Our Twisted Hero ဇာတ်ကား၊ ၁၉၉၆ ခုနှစ်တွင် A Hot Roof ဇာတ်ကား၊ ၁၉၉၈ ခုနှစ်တွင် Spring in My Hometown ဇာတ်ကား၊ ၂၀၀၀ ပြည့်နှစ်တွင် Chunhyang ဇာတ်ကားများက အကောင်းဆုံးဇာတ်ကားဆုများ ရရှိခဲ့ပြီး ယမန်နှစ်က ရုပ်ရှင်ပွဲတော်တွင် 71 Into the fire ကိုရီးယားဇာတ်ကားဖြင့် ပိတ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

၁၉၈၁ ခုနှစ်မှ စတင်ကျင်းပခဲ့သော ဟာဝိုင်ယီရုပ်ရှင်ပွဲတော်တွင် နှစ်စဉ်နိုင်ငံပေါင်း ၄၅ နိုင်ငံကျော်မှ ရုပ်ရှင်ဇာတ်ကားများ လာရောက်ပြသလေ့ရှိသည်။ ***အင်တာနက်။***

အေဝမ်းစိုး

ကျောက်ဖြူ-မူဆယ်ရထားလမ်းစီမံကိန်း၏ လားရှိုး-မူဆယ် ရထားလမ်းပိုင်းကို ယခုနှစ်ကုန်ပိုင်းတွင် စတင်ဖောက်လုပ်မည်

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ရထားလမ်းဖောက်လုပ်ချိတ်ဆက်သွားမည့် ကျောက်ဖြူ-မူဆယ် ရထားလမ်း စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော မူဆယ်-လားရှိုးရထားလမ်းပိုင်းကို ယခုနှစ်ကုန်ပိုင်းတွင် စတင်သွားရန်စီစဉ်ထားသည်ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းအကောင်အထည်ဖော်သွားမည့် အဆိုပါရထားလမ်းစီမံကိန်းတွင် လားရှိုးမြို့မှ မူဆယ်မြို့သို့ ဖောက်လုပ်မည့် ရထားလမ်းပိုင်းမှာ ၇၈ ဒသမ ၉၂ မိုင်ဖြစ်ပြီး တံတားကြီး/ငယ်ပေါင်း ၄၁ စင်းပါဝင်မည်ဖြစ်သည်။ လမ်းပိုင်းတစ်လျှောက်တွင် ဥမင်လိုဏ်ခေါင်း ၃၆ ခုပါဝင်မည်ဖြစ်ပြီး ဘူတာခုနစ်ဘူတာ တည်ဆောက်ရမည်ဖြစ်သည်။ မူဆယ်နှင့် ရွှေလီဘူတာကြားတွင် နယ်စပ်စစ်ဆေးရေးစခန်းထားရှိမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရန်ဟူသော အချက်ကိုလည်း ထည့်သွင်းဆောင်ရွက်သွားရန် သဘောတူညီထားသည်။ လားရှိုး-မူဆယ်ရထားလမ်းစီမံကိန်း ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံခန့်ဖြစ်ပြီး ကျောက်ဖြူ-မူဆယ်ရထားလမ်း စီမံကိန်းတစ်ခုလုံးကို အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ခန့်ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ ရထားလမ်းစီမံကိန်းကြီးကို B.O.T စနစ် (တည်ဆောက်ပြုပြင်လွှဲပြောင်း)ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ရထားလမ်းစီမံကိန်းအား တရုတ်နိုင်ငံမှ China Railway International Ltd. နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သော လားရှိုး-မူဆယ်ရထားလမ်းပိုင်းသစ်ကို စတင်အကောင်အထည်ဖော်ရေးအတွက် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ၂၀၁၁ ခုနှစ် ဧပြီ ၂၇ ရက်တွင် နေပြည်တော်၌ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရထားလမ်းဆုံးမြို့မှာ လားရှိုးမြို့ဖြစ်ပြီး တရုတ်နိုင်ငံနှင့် ဆက်သွယ်ချိတ်ဆက်သွားမည့် ကျောက်ဖြူမြို့မှ ကူမင်းမြို့အထိ ချိတ်ဆက်သွားနိုင်ရေးအတွက် လားရှိုးမြို့မှ မူဆယ်မြို့သို့ တရုတ်နိုင်ငံမှ ပညာရှင်များ ပူးပေါင်းပါဝင်မှုဖြင့် လမ်းသစ်ဖောက်လုပ်သွားမည် ဖြစ်သည်။ ယင်းအတွက် ၂၀၀၅ ခုနှစ်က တရုတ်ကျွမ်းကျင်ပညာရှင်များ လာရောက်လေ့လာမှုများ ပြုလုပ်ခဲ့သည်ဟု သိရပြီး ၂၀၁၀ ပြည့်နှစ်အတွင်းက လမ်းအူကြောင်း တိုင်းတာပြီးစီးခဲ့သည်ဟု သိရသည်။

ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖော်မည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းကို တရုတ်နိုင်ငံနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အပြင် ပင်လယ်ရေနက်ဆိပ်ကမ်း ထွက်ပေါက်တစ်ခုဖြစ်သော ကျောက်ဖြူမြို့နှင့် တရုတ်နိုင်ငံသို့ ရထားလမ်းချိတ်ဆက်ကာ ပင်လယ်ရပ်ခြားသို့ တင်ပို့မည့် ကုန်စည်အဓိကစီးဆင်းရာ လမ်းမကြီးအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ ကုန်းတွင်းကုန်စည်စီးဆင်းနိုင်သည့် လမ်းကြောင်းကြီးတစ်ခု ဖြစ်လာမည်ဖြစ်သည်။

အဆိုပါ ကျောက်ဖြူ-ကူမင်းရထားလမ်းချိတ်ဆက်မည့် စီမံကိန်းသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဆောင်ရွက်သွားရန်ရှိနေသည့် ကျောက်ဖြူ-ရွှေလီစကြီးလမ်းမကြီး စီမံကိန်းတွင်လည်း ပါဝင်နေပြီး မြန်မာနိုင်ငံတွင် ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်နေဆဲဖြစ်သော အမျိုးသား မီးရထားလမ်း ကွန်ရက်တွင် ပါဝင်နေသည့် ရထားလမ်းကွန်ရက်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရထားလမ်းစီမံကိန်းကို မြန်မာနိုင်ငံအတွင်း၌ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့အား ဖြတ်သန်းဖောက်လုပ်မည်ဖြစ်ပြီး ဖောက်လုပ်ပြီးရထားလမ်းပိုင်းများနှင့် ဖောက်လုပ်ဆဲရထားလမ်းပိုင်းများကိုလည်း ချိတ်ဆက်အသုံးပြုသွားမည်ဟု သိရသည်။

(ဝဝ၁)

ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်းပိုင်း ကုမ္ပဏီအလိုက် လုပ်ငန်းများဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတ-ဆုံကုန်း-မြန်အောင် လမ်းပိုင်း မိုင်တိုင်(ဝ/ဝ)မှ (၆၃/၆)မိုင်ကို ပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကုမ္ပဏီအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လမ်းလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှာ မာန်အားသစ်၊ ရန်ကုန်ကရောင်း၊ YTE၊ မိုးရတနာထွန်းနှင်းသဇင်၊ အေးရှားဝေါလ်၊ IGE၊ Square Power၊ Max Myanmar၊ ရွှေသံလွင်၊ ရွှေတောင်၊ Iwatiny၊ Dynamic၊ Taunggyi Galaxy ကုမ္ပဏီတို့ဖြစ်သည်။

လုပ်ကိုင်ခွင့်ပြု

လမ်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးအတွက် ကုမ္ပဏီတစ်ခုလျှင် အများဆုံး လမ်းမိုင် လေးမိုင်သာ လုပ်ကိုင်ခွင့်ပြုထားကြောင်း သိရသည်။

ဆောင်ရွက်လျက်ရှိ

အလားတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတ-မြို့ကွင်း-ကွင်းကောက်လမ်း ရှစ်မိုင် တစ်ဖာလုံနှင့် ငဝန်တံတား(မြို့တွင်း)ချဉ်းကပ်လမ်း ခြောက်မိုင် သုံးဖာလုံအား ပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် Naing Group ကုမ္ပဏီ၊ Myanmar Trillion Group ကုမ္ပဏီနှင့် Golden Harp ကုမ္ပဏီတို့အား လုပ်ကိုင်ခွင့်ပြုခဲ့ပြီး လမ်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ (မောင်မောင်ထွေး-သတင်းစဉ်)

အဆောက်အအုံများ တည်ဆောက်ရာတွင် အရေးပေါ်လှေကားများလည်း ထည့်သွင်းတည်ဆောက်ရန် သက်ဆိုင်ရာက ညွှန်ကြားထားပြီးဖြစ်သည်ကို ကန်ထရိုက်တာအများစုက သိပြီးဖြစ်သော်လည်း တချို့မှာ အဖြစ်လောက်သာ တည်ဆောက်ထားကြခြင်းကြောင့် နှစ်အနည်းငယ်လောက်မှာပင် ယိုးယွင်းပျက်စီးလာလျက်ရှိသဖြင့် ကြံ့ခိုင်မှုအခြေအနေကို စစ်ဆေးအရေးယူသွားရန် လိုအပ်လာပြီဖြစ်ကြောင်း တွေ့ရစဉ်။ (၆၈၀)

တို တို ထွာ ထွာ ဖတ် စ ရာ

အကြိမ်(၂၀)မြောက် ဥရောပရုပ်ရှင်ပွဲတော် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၄

အကြိမ်(၂၀)မြောက် ဥရောပရုပ်ရှင်ပွဲတော်ကို အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

အဆိုပါရုပ်ရှင်ပွဲတော်ကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ပြင်သစ်၊ ဂျာမနီနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံတို့မှ ရုပ်ရှင်ကားနှစ်ကားစီနှင့် အီတလီနိုင်ငံမှ ရုပ်ရှင်ကားတစ်ကား စုစုပေါင်း ရုပ်ရှင်ကား ခုနစ်ကားကို နေ့စဉ် ညနေ ၃ နာရီခွဲနှင့် ညနေ ၆ နာရီခွဲတို့တွင် တစ်နေ့နှစ်ကြိမ်ပြသသွားမည်ဖြစ်သည်။

ရုပ်ရှင်ဇာတ်ကားများတွင် ဘဝသရုပ်ဖော် စွန့်စားခန်း၊ အချစ်ဇာတ်လမ်း၊ ရယ်ရွှင်ဖွယ်၊ ဝမ်းနည်းဖွယ်ဇာတ်လမ်းများ၊ ဟာသဇာတ်လမ်းများ ပါဝင်မည်ဖြစ်ရာ စိတ်ဝင်စားသူများအနေဖြင့် ကြည့်ရှုခွင့်လက်မှတ်ရရှိရေးအတွက် ရန်ကုန်မြို့ရှိ ဗြိတိသျှကောင်စီသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ဥမ္မာသန့်)

ကန်တော်ကြီးရေချိုငါးဥယျာဉ် ဖွင့်လှစ်ထား

ရန်ကုန် စက်တင်ဘာ ၄

ရေနေသတ္တဝါများ၏ အလေ့အထ သဘာဝများကို လေ့လာနိုင်ရန်နှင့် အပန်းဖြေနိုင်ရန် ရည်ရွယ်၍ ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်းတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ရေချိုငါးဥယျာဉ်ကို ၂၀၀၅ ခုနှစ် မေ ၁၄ ရက်မှစတင်၍ ဖွင့်လှစ်ပြသခဲ့သည်။

ရေချိုငါးဥယျာဉ်တွင် မြန်မာ့တိုင်းရင်းငါးမျိုး ၄၀၊ အာရှငါးမျိုး ၃၅ မျိုး၊ အာဖရိကငါးမျိုး ငါးမျိုးနှင့် လက်တင်အမေရိကငါးမျိုး ကိုးမျိုး စုစုပေါင်း ငါးကောင်ရေ ၁၄၀၀၀ မွေးမြူပြသထားသည်။

အလှမွေးငါးစိတ်ဝင်စားသူများအနေဖြင့်လည်း အလှမွေးငါးဆိုင်ရာ သတင်းအချက်အလက်များ၊ မွေးမြူပြုစု ထိန်းသိမ်းနည်းများ၊ ရောဂါကာကွယ်နည်းပညာများလေ့လာနိုင်ရန် အလှမွေးငါးလုပ်ငန်းရှင်များအသင်းက မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရေချိုငါးဥယျာဉ်အနီး ကန်ပတ်လမ်း၌ စာကြည့်တိုက်တစ်ခုကိုလည်း ဖွင့်လှစ်ထားသည်။

ပညာဗဟုသုတလည်းရ၊ အပန်းလည်းဖြေနိုင်သည့် ကန်တော်ကြီးရေချိုငါးဥယျာဉ်သို့ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ အစုအဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပိတ်ရက်မရှိ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း လာရောက်လေ့လာနိုင်သည်။ (ကိုချစ်)

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ် အသုံးပြုနိုင်ရန် စံပြကျေးရွာငါးရွာ ရွေးချယ်

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် လျှပ်စစ်ဓာတ်အားလိုင်း မရနိုင်သည့် ကျေးရွာငါးရွာကို နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်အသုံးပြု၍ လျှပ်စစ်မီးရရှိ အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆိုလာစနစ် အသုံးပြုရန် ရွေးချယ်ထားသည့် စံပြကျေးရွာများမှာ ထန်းတပင်မြို့နယ် လမုတန်းကျေးရွာ၊ ကျောက်တန်းမြို့နယ် ဘုတ်တလုတ်ကျေးရွာ၊ တိုက်ကြီးမြို့နယ် ပျဉ်းမကုန်းကျေးရွာ၊ ခရမ်းမြို့နယ် ဘုရားပြိုကျေးရွာနှင့် သုံးခွမြို့နယ် ညောင်လမ်းကုန်းကျေးရွာတို့ ဖြစ်ကြသည်။

စံပြကျေးရွာများရွေးချယ်ရာ၌ ဆိုလာစနစ်ဖြင့်လျှပ်စစ်မီးကို အိမ်သုံးရန် တစ်မျိုးတည်းမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးမှုအလားအလာရှိသော ကျေးရွာများကို ရွေးချယ်ထားခြင်းဖြစ်သည်။ ဆိုလာစနစ် အထောက်အကူပြုပစ္စည်းများကို အိန္ဒိယနိုင်ငံ Pmi Bergen DDR Group က လှူဒါန်းနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ဆက်သွယ်ထားကြောင်း သိရသည်။

OK Myanmar Co., Ltd. ကလည်း ကျေးလက်ဒေသများတွင် အသုံးပြုနိုင်မည့် ဆိုလာစွမ်းအင်သရုပ်ပြပွဲကို ဇူလိုင် ၁၅ ရက် ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ရှင်းလင်းပြသသွားခဲ့သည်။ (နွဲ့နွဲ့ကြည်-သတင်းစဉ်)

ကျေးလက်ဒေသမီးလင်းရေး ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၄

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လုပ်ငန်း (၈)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး(ကျေးလက်ဒေသမီးလင်းရေး)လုပ်ငန်းသည်လည်း တစ်ခုပါဝင်သည်။

အဆိုပါ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး (ကျေးလက်ဒေသမီးလင်းရေး) လုပ်ငန်းများ ဆောင်ရွက်လိုကြသည့် စိတ်ပါဝင်စားသူများ၊ အလှူရှင်များသည် အမှတ်(၂)စက်မှုဝန်ကြီးဌာန ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဖုန်း-ဝ၆၇-၄ဝ၅၃၃၈ သို့ ဆက်သွယ်၍ ပါဝင်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မိုးကိုရှောင်သည့် ရန်ကုန်ဇာတ်အဖွဲ့များ မကြာမီ ရန်ကုန်ပြန်ဆင်းမည်

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ၌ မိုးရာသီတွင် မိုးရွာသွန်းမှုပိုမိုသဖြင့် ရန်ကုန်မြို့ရှိ ဇာတ်အဖွဲ့ကြီးများသည် မိုးခိုသည့်အနေဖြင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများသို့ သွားရောက်ကပြလျက်ရှိကြသည်။

ယင်းဇာတ်အဖွဲ့များမှာ ဖိုးချစ်၊ ဟန်ဇာမိုးဝင်း၊ စွမ်းဇာနည်၊ ချမ်းသာ(ရွှေမန်းသဘင်)၊ အာဇာနည်စန်းစန်း (ဆပ်ကပ်) စသည့် ဇာတ်အဖွဲ့များဖြစ်သည်။ ပြီးခဲ့သည့် ကဆုန်လခန့်မှစ၍ မြန်မာနိုင်ငံအထက်ပိုင်းသို့ သွားရောက်ကပြနေရာ လာမည့် သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတို့တွင် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများရှိမြို့များ၌ လှည့်လည်ကပြပြီး မိုးလွတ်ကင်းသည့် တန်ဆောင်မုန်းလကုန်နှင့် နတ်တော်လတို့တွင် ရန်ကုန်ခွင်သို့ ပြန်လည်ဝင်ရောက် ကပြကြမည်ဖြစ်ကြောင်း သိရသည်။

ဇာတ်အချို့မှာ ပြည်ပနိုင်ငံများသို့ သွားရောက်ကပြလျက်ရှိပြီး အလယ်အလတ်အဆင့်ရှိ ဇာတ်အချို့မှာ မိုးအကုန်တွင် ပွဲဝင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိသည်။ (ညွှန့်သန်း-သတင်းစဉ်)



အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အောင်သုခ ကျေးရွာအနီး ခေတ်မီလယ်ယာမြေ ဟက်တာ ၂၀ ဖော်ထုတ်နေသော ဧက ၅၀ စိုက်ခင်း၌ ခေတ်မီကောက်စိုက်စက်များဖြင့် စိုက်ပျိုးရန် အသင့်ပြင်ဆင်နေမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

★ **ရွှေဖုံးမှ**

စက်မှုလယ်ယာ ဧက ၅၀၀ စိုက်ပျိုးရေးဇုန်သို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး စိုက်ကွင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ဦးစီးခေါင်းဆောင်ပြီး နိုင်ငံအဝှမ်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးလုပ်ငန်းတာဝန်အဖြစ် အကောင်အထည်ဖော်ရာတွင် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအား ကိုယ်စားပြုသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရာ၌လေ့ကျင့်ရေးပညာပေးရေးတာဝန် (Training and Education) သည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ဤနေရာသည် နိုင်ငံတော်သမ္မတကိုယ်တိုင် အနီးကပ်ကြီးကြပ်လမ်းညွှန်ချက်နှင့်အညီ ရွှေ့ပြေးအကောင်အထည်ဖော် ဆောင်ရွက်ထားသောတောင်သူပညာပေးစိုက်ကွင်းနှင့် လေ့ကျင့်ပညာပေးစခန်းကြီးဖြစ်ကြောင်း၊ထို့အပြင်ပညာရှင်များ၊တာဝန်ရှိသူ အရာထမ်း၊ အမှုထမ်းများ၊ သုတေသနကျွမ်းကျင်ပညာရှင်များ အားလုံးစုဝေးရောက်ရှိရာ၊အသိပညာချင်းဖလှယ်ရာ၊ လေ့ကျင့်ပညာပေးစခန်း ပေါင်းစပ်ညှိနှိုင်းရာနေရာလည်း ဖြစ်ပါကြောင်း။

ဤစိုက်ကွင်းအတွင်း သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်နှင့်အညီ စိုက်ပျိုးထားရှိသော အထူးအထွက်တိုးစပါးခင်းကြီးများ၊ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားရှိသည့် တန် ၆၀ ထွက်ရှိသော ကြံခင်းကြီးများအားတွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာစနစ်ဖြင့် တောင်သူပညာပေးတစ်ပိုင်တစ်နိုင် နို့စားနွား၊ ခိုင်းနွား၊ ကျွဲ၊ ဝက်၊ ကြက်၊ ဘဲ၊ တီကောင်များအား မွေးမြူထားသည်ကိုလည်း လေ့လာကြရမည်ဖြစ်ပါကြောင်း။

ဤစက်မှုလယ်ယာစနစ် ရွှေ့ပြေး ဧက ၅၀၀ စိုက်ခင်းကို ဗဟိုပြု၍ နိုင်ငံတစ်ဝန်း တိုင်းဒေသကြီး/ပြည်နယ်များ အပါအဝင် တစ်ချိန်တည်း တစ်ပြိုင်တည်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စံနမူနာယူလုပ်နိုင်ကြစေရန် ရွှေ့ပြေးအဖြစ် တောင်သူပညာပေးဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် မိမိတို့နိုင်ငံတော် အစိုးရသစ် စတင်ဖွဲ့စည်းခဲ့သည့် ၃၀-၃-၂၀၁၁ ရက်မှ ယခုငါးလတာကာလအတွင်း မြေပြုပြင်ခြင်း၊ ကုန်ထုတ်လမ်းများဖောက်လုပ်ခြင်း၊ ရေသွင်းရေထုတ်ဆည်ရေသောက်စနစ်များ တည်ထောင်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ရိတ်သိမ်းချိန်လွန်လုပ်ငန်းစဉ် (Post Harvest Processing) လုပ်ငန်းစဉ်များ အပါအဝင် အကောင်အထည်ဖော်နေသည်များကို လေ့လာတွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Sustainable Agriculture Development လုပ်ငန်းစဉ်များဖြစ်သည့် မြေသယံဇာတကို ရာသီမရွေး အကျိုးရှိစွာ စိုက်ပျိုးအသုံးပြုနိုင်ရေး၊စိုက်ပျိုးရေကိုထိရောက်စွာ အသုံးချနိုင်ရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်းနှင့် ဆည်ရေသောက်စနစ်များ တည်ဆောက်ရန် လိုအပ်ချက် (Land Development and Irrigation System)လုပ်ငန်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေးဆောင်ရွက်ရန်လိုအပ်ချက် (Mechanization) လုပ်ငန်း၊ တောင်သူများ ဝင်ငွေတွက်ခြေကိုက်မည့် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးရန် လိုအပ်ချက်(Hybridization)လုပ်ငန်း၊ နိုင်ငံတော်တစ်ဝန်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရပိုင်းကသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပါဝင်ရင်းနှီးမြှုပ်နှံမှုနှင့် တောင်သူများ တစ်ဦးချင်းကိုယ်တိုင် ပုဂ္ဂလိကအခန်းကဏ္ဍမှ စံနမူနာပြပူးပေါင်းဆောင်ရွက်လာစေရေး၊တစ်နည်းအားဖြင့် Private Sector ၏ အခန်းကဏ္ဍကိုမဖြစ်မနေအားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် တောင်သူလယ်သမားများအား အသိပညာပြန်လည်ဖြန့်ချိပေးနိုင်ရေးအတွက် သိလိုသောအချက်များ မေးမြန်းနိုင်ပါကြောင်းနှင့် နယ်မြေဒေသအလိုက် လုပ်ဆောင်လိုသော အချက်များကိုလည်း ဖြည့်စွက်ဆွေးနွေး အကြံဉာဏ်ကောင်းများ ပေးနိုင်ကြပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးခင်ဇော်က ခေတ်မီစက်မှုလယ်ယာစနစ်ကူးပြောင်းရန်အတွက် အခြေခံ မြေယာပြုပြင်ခြင်း၊ ကုန်ထုတ်လမ်းများ၊ ရေသွင်းရေထုတ်ဆိုင်ရာများ၊ Land Development လုပ်ငန်းများနှင့် ဆည်ရေသောက်စနစ် Irrigation လုပ်ငန်း ဆောင်ရွက်ထားမှုကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သိပ္ပံနည်းကျ(၁၄)ချက် စိုက်ပျိုးရန်လိုအပ်ချက်၊ တစ်ဧကအထွက်နှုန်းတိုးစေရန် ဒေသခံတောင်သူများလိုက်နာဆောင်ရွက်ရမည့် (Must Do) အချက်များနှင့်မလုပ်ရမည့် (Don't Do) အချက်များကို အသေးစိတ်ရှင်းလင်းတင်ပြပြီး စိုက်ကွင်းအတွင်း ရင့်မှည့်လျက်ရှိသော စပါးခင်းများ၏ အင်္ဂါရပ်နှင့် တစ်ဧကတင်း ၁၅၀ကျော် ထွက်ရှိမည့် အချက်အလက်များ၊ တစ်နှံပါအောင်စေ့၊ အောင်နှံပါပင်ပွား အရေအတွက်၊ တစ်ဧကကောက်ကွက် အရေအတွက်များဖြင့် တွက်ချက်တင်ပြရာ လေ့လာရေးအဖွဲ့များက သိရှိလိုသည်များကို မေးမြန်းကြသည်။ ထို့နောက် ခေတ်မီစပါးရိတ်သိမ်း ခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကြသည်။

လေ့လာရေးအဖွဲ့များသည်ခင်းကျင်းပြသထားသော ကောက်စိုက်စက်၊ လက်တွန်းစက်များ၊ တစ်ဧက တင်း ၁၅၀မှ၂၀၀ ထွက်ရှိမည့် အထူးအထွက်တိုးစိုက်ခင်းများ၊ သုတေသနပြုစိုက်ပျိုးထားသော ကောက်ညှင်းစပါး စိုက်ခင်းများကို စိတ်ဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

ထို့နောက် စိုက်ကွင်းအတွင်း တစ်ဧကတန် ၅၀ အထက်ထွက်ရှိနိုင်မည့် ကြံစိုက်ခင်း ၁၀ ဧကသို့ ရောက်ရှိရာ မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ကြံသီးနှံလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းမြင့်တို့က ကြံမျိုး၏အင်္ဂါရပ်များနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို ရှင်းလင်းပြသကြပြီး လေ့လာရေးအဖွဲ့က သိရှိလိုသည်များ မေးမြန်းကြသည်။

လေ့လာရေး အဖွဲ့ဝင်များသည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာအနီး ခေတ်မီလယ်ယာမြေ ၂၀ဟက်တာဖော်ထုတ်နေသော ဧက ၅၀ စိုက်ခင်းသို့ ရောက်ရှိလာကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က မြေယာပြုပြင်ဖော်ထုတ်ခြင်း လုပ်ငန်းများနှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ခေတ်မီ စက်ကိရိယာကြီးများ၊ ကောက်စိုက်စက်ယန္တရားကြီးများဖြင့် စိုက်ပျိုးရန်ပြင်ဆင်နေမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးကြည်စိန်က သိပ္ပံနည်းကျစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုကြောင့် လက်တွေ့အကျိုးဖြစ်ထွန်းနေမှုတို့ကို ရှင်းလင်းပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက ဤကဲ့သို့ စက်ကိရိယာများ အင်အားဖြင့် မြေယာပြုပြင်ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်၏ လယ်ယာကဏ္ဍ လျင်မြန်စွာအရှိန်အဟုန်ဖြင့် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ပုဂ္ဂလိကငွေကြေးတတ်နိုင်သူများ ပါဝင်လာရေးအတွက် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ဒေသအလိုက် စည်းရုံးဆောင်ရွက်ပေးကြပါရန်နှင့် လိုအပ်သော နည်းပညာများကို ဝန်ကြီးဌာနက အကူအညီပေးရန် အမြဲအသင့်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ခေတ်မီကောက်စိုက်စက်များဖြင့်စိုက်ပျိုးရန် အသင့်ပြင်ဆင်နေမှုအခြေအနေများ၊ စက်ယန္တရားကြီးများဖြင့် မြေယာထွန်ယက်နေမှု အခြေအနေများကို လေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းဖြေကြားကြသည်။

ထို့နောက်နေပြည်တော် ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာရှိ တစ်ဧကတန် ၆၀ အထက် ထွက်ရှိသည့် ကြံစိုက်ခင်း၊ သစ်တပ်ကုန်းကျေးရွာအနီး တောင်သူကြီး ဦးကျော်ကျော်၏ ဧက ၂၀ စံပြစပါးစိုက်ခင်းနှင့် တောင်သူကြီး သရေစည်သူ ဦးစိုးမောင်၏ အထူးအထွက်တိုး စပါး ၁၀ဧက စိုက်ခင်းများသို့ ရောက်ရှိ လေ့လာကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်း သုတေသန စိုက်ခင်းဧက ၁၀၀ သို့ ရောက်ရှိကြရာ ပါမောက္ခချုပ်ဒေါက်တာတင်ထွဋ်က ဆန်စပါးကဏ္ဍ တိုးတက်ရေးနှင့်မြန်မာ့ဆန်အား ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် စပ်မျိုးစပါး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုယ်တိုင်ပါဝင် မျိုးထုတ်ပေးနိုင်သည်အထိ အဆင့်ဆင့်အားပေး အကောင်အထည်ဖော်ကြရန် လိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စပ်မျိုးစပါးထုတ်လုပ်ခြင်း လုပ်ငန်းသည် ခေတ်မီ ဆန်စပါးနည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် Research and Development တာဝန်ကို အကောင်အထည်ဖော်နေခြင်းပင်ဖြစ်ပါကြောင်း၊ ဆန်စပါးကဏ္ဍသာမက ဆီထွက် နေကြာ၊ ကြံ၊ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်း သီးနှံအမျိုးမျိုး (Hybrid Seeds) များကိုလည်း နိုင်ငံတော်အတွက် စိုက်ပျိုးရေးပညာရှင်များက စီးပွားဖြစ် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း။

စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းအား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဧက ၁၀၀ နှင့် ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံတွင် ဧက ၁၃၀ စုစုပေါင်း ဧက ၂၃၀ တစ်ပြိုင်တည်း သုတေသနပြုထုတ်လုပ်လျက်ရှိနေပြီး ဖြစ်ပါကြောင်း၊ လိုအပ်သော နည်းပညာများကို ဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထွက်ရှိလာသော မျိုးစေ့များကို စိတ်ချယုံကြည်ပြီး စိတ်ပါဝင်စားစွာဖြင့် စိုက်ပျိုးလိုကြသော တောင်သူများအတွက် ဈေးနှုန်းချိုသာစွာဖြင့် ပညာပေး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံ အပါအဝင် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေကြသည့် နိုင်ငံများနည်းတူ မိမိတို့နိုင်ငံအနေဖြင့် ဆန်စပါး ပိုလျှံပြီး နိုင်ငံတော်၏ ဆန်စပါးဈေးကွက်နှင့် နိုင်ငံခြားဝင်ငွေ ရှာဖွေနိုင်ရေးအတွက် စပ်မျိုးစပါး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ကြရန် အချိန်ကျရောက်နေပြီဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် လေ့လာရေးအဖွဲ့များသည် စနစ်တကျ ပျိုးပေါင်များဖြင့် ပျိုးထောင်ထားရှိသော မိဘလိုင်းပျိုးပေါင်များကို လှည့်လည်လေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့များသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ရောက်ရှိကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်စိုးက သီးနှံမျိုးစုံပြခန်း၊ တစ်နိုင်ငံလုံး စပါးမျိုးကွဲများ စုစည်းပြသထားရာ မျိုးစေ့ပြခန်းများနှင့် မျိုးဗီဇမပျက်သိုလှောင်သိမ်းဆည်းထားသည့် မျိုးစေ့ဘဏ် (Seed Bank) နှင့် သုတေသနပြခန်းများကို လိုက်လံရှင်းလင်းပြသရာ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြ၍ သိရှိလိုသည်များကို ပညာရှင်များက ရှင်းလင်းဖြေကြားခဲ့ကြသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ရန်ကုန်တက္ကသိုလ်၌ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်များသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး လှည့်လည်စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိပြီး အဆိုပါတက္ကသိုလ်ရှိ ဝိဇ္ဇာခန်းမ၌အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရ ဖော်ဆောင်နေချိန်တွင် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိဆောင်ရွက်ရမည့် လုပ်ငန်းများကို တာဝန်သိသိ၊ သစ္စာရှိရှိ လိုက်နာဆောင်ရွက်ကြရန်၊ တက္ကသိုလ်အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ကြရန်၊ နာယကဂုဏ်ခြောက်ပါးနှင့်အညီ ကြိုးစားဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ်ရူပဗေဒဌာန၊ ဓာတုဗေဒဌာနနှင့် သင်္ချာဌာနများရှိ လက်တွေ့ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ ရောက်ရှိရာ တက္ကသိုလ်၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းများနှင့် သုတေသနအစီရင်ခံစာများကိုကြည့်ရှု၍ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအားတွေ့ဆုံပြီး သင်ကြားရေး၊ စီမံခန့်ခွဲရေးကိစ္စများအပေါ် ဖြည့်စွက်ဆွေးနွေး မှာကြားသည်။ (သတင်းစဉ်)

☆ **ရန်ကုန်-နေပြည်တော်မှ**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဦး၊ ရတနာပုံ တယ်လီပို့ ဒုတိယအမှုဆောင်အရာရှိချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် အမြန်လမ်းမကြီးအသုံးပြုခ ကောက်ခံရေးစခန်း၌ ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီး ဆက်သွယ်မှုပိုမိုကောင်းမွန်စေရန်အတွက် Toll Gate အနီး၌ GSM မိုဘိုင်းစခန်း တစ်ခု ထပ်မံတပ်ဆင်ပေးရန် ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၁၀/၆) သရက်စိုက်ပျိုးရေးဇုန်(၁)၌ GSM မိုဘိုင်း ရေဒီယိုစခန်း တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ် (၂၂၀/၃) ရဲစခန်းအနီး၌ GSM ရေဒီယိုစခန်း တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ်(၂၃၅)နှင့် မိုင်တိုင်အမှတ်(၂၅၆)တို့၌ တည်ဆောက်ပြီးစီးသွားသော GSM ရေဒီယိုစခန်း နှစ်ခုတွင် နေရောင်ခြည်စွမ်းအားသုံး ဓာတ်အားပေးစနစ်ဖြင့် မိုဘိုင်းစက်ပစ္စည်းများ လည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုဘိုင်းဆက်သွယ်ရေးစက်ပစ္စည်းများအနေဖြင့် နေရောင်ခြည်စွမ်းအားသုံး စက်ပစ္စည်းများဖြင့် ဓာတ်အားလုံလောက်မှုရှိ/မရှိ စစ်ဆေးရန်နှင့် စက်သုံးဆီသုံးအင်ဂျင်များအစား နေရောင်ခြည်စွမ်းအားကို ပိုမိုသုံးစွဲကြရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် အမြန်လမ်းမကြီးပေါ်ရှိ သီကုန်းယာဉ်ရပ်နားစခန်းနှင့် ပျော်ဘွယ်မြို့တို့၌ တည်ဆောက်ပြီး စက်မှုအဆောက်အအုံတွင် GSM စက်ပစ္စည်းများ အမြန်တပ်ဆင်သွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

သမဝါယမအသင်းများ၊ အစုအဖွဲ့များ ဖွဲ့စည်းရာတွင် ကျစ်လျစ်စွာဖွဲ့စည်းနိုင်ရေး စိတ်ရင်းစေတနာကောင်းဖြင့် စိတ်ရှည်၊ သည်းခံ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၄

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယမန်နေ့နံနက် ၆ နာရီခွဲတွင် ကချင်ပြည်နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်ပါ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် ပြည်နယ်နှင့် မြို့နယ်သမဝါယမဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး သမဝါယမအသင်းများ၊ အစုအဖွဲ့များ ဖွဲ့စည်းရာတွင် ကျစ်လျစ်စွာဖွဲ့စည်းနိုင်ရေး စိတ်ရင်းစေတနာကောင်းဖြင့် စိတ်ရှည်၊ သည်းခံ ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မသမာမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့ပေါ်ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဦးစီးဌာန ရက်ကန်းသင်တန်းကျောင်း၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ သမဝါယမဝန်ကြီးဌာနအနေဖြင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနကို (၁. ၄. ၂၀၁၀) ရက်မှစ၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အဖြစ် အမည်ပြောင်းလဲခဲ့ကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် အသေးစားစက်မှုလုပ်ငန်း အစုအဖွဲ့များကို မှတ်ပုံတင်ပေးခြင်း၊ မြန်မာ့ရိုးရာရက်ကန်းပညာများ တိမ်ကောပပျောက်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စက်ရက်ကန်း၊ လက်ရက်ကန်းများ ဖွံ့ဖြိုးတိုးတက်အောင် နည်းပညာများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားပြီး ရက်ကန်းအလုပ်ရုံများနှင့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်ရှိ မနောဧရာရက်ကန်းကုန်ထုတ်လုပ် သမဝါယမအသင်းနှင့် ဒေါ်ဘောက်ဂျာ၏ ရိုးရာရက်ကန်းစက်ရုံများသို့ သွားရောက်ကြည့်ရှုအားပေးပြီး မွန်းလွဲပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကာ မန္တလေးစက်မှုဇုန် (၂) ဓမ္မာရုံ၌ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံနှင့်အတူ စိန်ပန်းစက်မှုကုန်ထုတ်သမဝါယမအသင်းမှ အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသားများနှင့်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စက်မှုလက်မှုလုပ်ငန်း အစုအဖွဲ့အသင်းများ ဖွဲ့စည်းဆောင်ရွက်သွားကြရန် လာရောက်ရှင်းလင်း ဆွေးနွေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စက်မှုလုပ်သားများ၊ လုပ်ငန်းရှင်များ၏ အစုအဖွဲ့များစုဖွဲ့ပြီး အပြန်အလှန်ယုံကြည်မှုဖြင့် အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်သွားကြရန်မှာကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ် သမဝါယမအသင်းစု၏ နန်းသိင်္ဂီ အထည်စက်ရုံသို့ရောက်ရှိပြီး စက်ရက်ကန်းဖြင့် ထုတ်လုပ်နေမှုများနှင့် ကုန်ချောပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ထို့နောက် အသေးစားစက်မှုလုပ်ငန်း ဦးစီးဌာန၏ အမရပူရဆောင်းဒါး ရက်ကန်းကျောင်း အစည်းအဝေးခန်းမ၌ ရက်ကန်းလုပ်ငန်းရှင်များ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အမရပူရမြို့သည် ရက်ကန်းလုပ်ငန်းကို ရှေးယခင်ကတည်းက ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်ခဲ့သဖြင့် အမရပူရ ရက်ကန်းထည်များသည် နာမည်ကျော်ကြားခဲ့ကြောင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မယ် (One Village One Product) ထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် ရက်ကန်းလုပ်ငန်းရှင်များနှင့် လုပ်သားများသည် အစုအဖွဲ့များဖွဲ့စည်းပြီး အသေးစားချေးငွေလုပ်ငန်းများကို လုပ်ကိုင်ခြင်း၊ တစ်ဖက်တွင်လည်း သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးနိုင်ရန်အတွက် အခြေခံလူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ပေးခြင်းဖြင့် လူမှုစီးပွားဘဝ ပိုမို အဆင့်အတန်း မြင့်မားလာပြီး နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုရာ ရောက်ကြောင်း ရှင်းလင်းမှာကြားကာ ဆောင်းဒါးရက်ကန်းကျောင်း၏ ရက်ကန်းရုံအတွင်း စက်ရက်ကန်းများ၊ လက်ရက်ကန်းများနှင့် ကုန်ချောပစ္စည်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ရတနာပူရ မြန်မာ့လက်မှုနှင့်အနုပညာ ဗိမာန်သို့ရောက်ရှိကာ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ပန်း ၁၀ မျိုး ပညာရှင်များနှင့် မြန်မာ့လက်မှုအနုပညာလုပ်ငန်းရှင်များအား တွေ့ဆုံ၍ အစုအဖွဲ့အသင်းများ ဖွဲ့စည်းပြီး လုပ်ကိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ရတနာပူရ မြန်မာ့လက်မှုအနုပညာ အရောင်းခန်းမရှိ မြန်မာ့ရိုးရာပန်း ၁၀ မျိုး လက်မှုထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးခဲ့သည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း(ရန်ကုန်)၏ ဘဏ်လုပ်ငန်းဒီပလိုမာ သင်တန်း အမှတ်စဉ်(၄)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ ဇမ္ဗူရာဇ်ရွှေစင်ခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တောင့်တင်းခိုင်မာသည့် ဘဏ်စနစ်ဖြစ်ပေါ်စေရန် ဆောင်ရွက်လျက်ရှိရာ အဓိကကျသည့် လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးမြင့်မားစေရန်အတွက် အထွေထွေဘဏ်လုပ်ငန်းသင်တန်းများသာမက ဒီပလိုမာအဆင့် ချီးမြှင့်သည့်သင်တန်းများ ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားစေရန် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းအသစ်များကို တိုးချဲ့လုပ်ကိုင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ သင်တန်းသားများအပါအဝင် တာဝန်ရှိသူများက ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယခု သင်တန်းဆင်းဂုဏ်ပြုပွဲ ကျင်းပခဲ့သော မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း(ရန်ကုန်)၏ ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်း အမှတ်စဉ်(၄)တွင် နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ အရာထမ်း ၂၇ ဦး၊ ဘဏ်လုပ်ငန်းကဏ္ဍ စိတ်ပါဝင်စားသူ ၃၈ ဦးတို့သည် ကာလတစ်နှစ်ကြာ ဘဏ်လုပ်ငန်းနှင့် ငွေရေး ကြေးရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များ၊ လုပ်ထုံး လုပ်နည်းများကို ဝါရင့်စီးပွားရေးပညာရှင်များ၊ ဘဏ်လုပ်ငန်းပညာရှင်များထံမှ ဆည်းပူးသင်ယူလေ့လာခဲ့သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၉-၂၀၁၁ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "တရားဦးဓမ္မစကြာ" တရားတော် (အပိုင်း-၅) (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
- ၆း၄၀ ဖူးရောက်စေချင်သည် ဗန္ဓုသေလာ ဆံတော်ရှင်စေတီတော်ကြီးဆီ
- ၆း၅၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၁၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၅၉)**
- ၈း၅၀ Activities In The City
- ၉း၀၀ ကြည်နူးပီတိဖြစ်ဖွယ်ရာ ထီးဆောင်းရွာမှ ဓမ္မစကြာ
- ၉း၁၀ ဆံကေသာအလှ AQUOS မှ. . .
- ၉း၂၅ ၁၅ နှစ်အတွင်း ပထမဆုံးအကြိမ် ပုသိမ်ဆိပ်ကမ်းမှ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့မှုအခမ်းအနား
- ၉း၄၅ စာအုပ်ပြခန်း
- ၁၀း၁၀ အ. ထ. က(၂)ကျောက်ဆည် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနား
- ၁၀း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀း၃၅ The Champion of Dance
- ၁၁း၁၀ Celebriy Choice
- ၁၁း၄၀ A Journey to Korea (Part-4)
- ၁၁း၅၅ နယ်ဉ်ဆန်းထွင်ပန်းအလှဆင်
- ၁၂း၁၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ
- ၁၂း၂၅ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
- ၁၂း၄၀ ဈာန်ကြွနေသည့်အလား ရှင်တော်မြတ်အားပူဇော်ပါ၏ဘုရား
- ၁း၀၀ "တရားဦးဓမ္မစကြာ" တရားတော် (အပိုင်း-၅) (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၂း၅၀ Activities In The City
- ၃း၀၅ ဆယ်ကျော်သက်တို့ရဲ့ ရင်ခုန်သံမေးခွန်းများ(အပိုင်း-၂)
- ၃း၂၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၁၇)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၅၉)**
- ၅း၁၀ ကြိုတင်ဆွေးနွေး အာဆီယံ စာရင်းကိုင်များအသင်း ဟောပြောပွဲ
- ၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk [မောင်လူမွှေး(မြန်မာမှု)၊ မျိုးမြတ်သူ]
- ၇း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၁၈)**
- ၇း၄၅ ဗီဒီယိုပြခန်း
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း
- ၉း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၆၀)**
- ၁၀း၃၀ အနုပညာမိုးကောင်းကင်
- ၁၀း၅၀ အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချသုံးစွဲကြ
- ၁၁း၀၀ International Show Biz
- ၁၁း၃၀ တောင်ငူခေတ်ရဲ့ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
- ၁၁း၅၅ ရောင်စုံရသနီယွန်ည
- ၁၂း၂၅ ကလေးများနဲ့ကျန်းမာရေး (ဒေါက်တာခင်စပယ်အေး)
- ၁၂း၃၀ မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
- ၁း၀၅ ကိုယ်ပိုင်ဟန်ဖက်ရှင်
- ၁း၃၀ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ မသန်စွမ်းသူများအတွက် Barrier Free
- ၂း၀၀ ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
- ၂း၂၀ ငြိမ့်ညောင်းသာယာ တယောပညာ
- ၂း၄၀ မြန်မာ့ရွှေချည်ထိုးပညာ
- ၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃း၅၅ **မင်းမသိသေးပါဘူးကွာ**
- ၄း၀၀ ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
- ၄း၁၅ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏တစ်သက်စာ ဝိပဿနာ
- ၄း၄၅ သမိုင်းထဲက မင်းကွန်း လင်းလွန်းသည့်သာသနာ
- ၅း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❖ **မမြချောင်းမှ**

အမြင့် သုံးပေဖြစ်ပြီး ခွင့်ပြုယာဉ်တန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

နောင်တိုးတက်လာမည့် ယာဉ်စီးရေများနှင့် လိုက်လျောညီထွေဖြစ်ပြီး အချိန်တိုအတွင်း အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ပေ ၁၈၀ နှင့်အထက် တံတားကြီးအဖြစ် ပထမဦးဆုံး ဆောင်ရွက်ပြီးစီး ဖွင့်လှစ်ပေးခဲ့သော တံတားဖြစ်ပေသည်။

ဟသ်္သာတ-ဆုံ ကုန်း-မြန် အောင် လမ်းပိုင်းအား စက် ယန္တရားကြီး များ ဖြင့် ဤသို့ ဆောင်ရွက် နေ ကြစဉ်။

သို့မို့ကြောင့် ဒေသခံပြည်သူများကလည်း အမြတ်တနိုး တန်ဖိုးထားခဲ့ကြ၏။ ခရီးသွားပြည်သူတိုင်းကလည်း အဟောဝတ ချမ်းသာစွဟု ကျူးရင့်တတ်ကြ၏။

မြန်အောင်မြို့နယ် ထိန်သေးကြီးကျေးရွာနေ ညောင်ချက်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးလှဝင်းက "တံတားအဟောင်းက ကားကြီးတွေသွားရင်အဆင်မပြေလှဘူး။ ဆိုင်ကယ်၊ စက်ဘီးတွေလည်း သွားသာ သွားရတာ အန္တရာယ်ရှိတယ်။ လွန်ခဲ့တဲ့ ခုနစ်နှစ်၊ ရှစ်နှစ်က တံတားကျိုးသွားလို့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းကို အလုပ်သမားနဲ့ ကုန်တွေသယ်ခဲ့ရဖူးတယ်။ အခု တံတားသစ်ကြီးဖွင့်လှစ်နိုင်တဲ့အတွက် အားလုံးအဆင်ပြေသွားကြပါပြီ။ မြန်အောင်နဲ့ ထူးကြီးကိုသွားရတာ ခဏလေးပါပဲ။ ဟသ်္သာတ-ဆုံကုန်း-မြန်အောင်လမ်းကိုလည်း ကုမ္ပဏီတွေအများကြီးနဲ့ တိုးတက်ပြုပြင်မှုတွေလုပ်နေတာ တွေ့ရလို့ ဒေသခံပြည်သူတွေ ဝမ်းမြောက်ပီတိဖြစ်နေကြပါတယ်"ဟု ပြောကြားပါသည်။

ဆက်လက်၍ ထူးကြီးကျေးရွာနေ ဦးငွေစိုးက "မမြချောင်းက ရေစီးသန်တော့ တံတားဟောင်းက ဟိုယိမ်း၊ ဒီယိမ်းနဲ့ သွားရတာ အဆင်မပြေဘူး။ ပြင်လည်း ခဏပဲလေ။ ဒါကြောင့် တံတားသစ်ကြီး ဆောက်ကတည်းက ကြည်နူးဝမ်းမြောက်မိတယ်။ ဆန္ဒပြည့်ဝခဲ့ပါပြီ"ဟူ၍လည်းကောင်း၊ ဘုရားငုပ်တိုကျေးရွာနေ ကိုဖိုးချိုကလည်း "ထူးကြီးက ကြက်ဒိုင်မှာ ကြက်သွားပို့မလို့ပါ။ တံတားသစ်ကြီး ပြီးသွားတဲ့အတွက် ထူးကြီးကို စက်ဘီးနဲ့သွားရတာ ခဏလေးပါပဲ" ဟူ၍လည်းကောင်း သူတို့၏ ရင်တွင်းခံစားချက်များကို အသီးသီးပြောကြားခဲ့ကြသည်။

"အခု တံတားသစ်ကြီး ဖွင့်လှစ်နိုင်တဲ့အတွက် အားလုံးအဆင်ပြေသွားကြပါပြီ။ မြန်အောင်နဲ့ ထူးကြီးကို သွားရတာ ခဏလေးပါပဲ"
ဦးလှဝင်း (ကျောင်းအုပ်ဆရာကြီး၊ ညောင်ချက်ကျေးရွာ အမက)

ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)မှ ဆရာမ ဒေါ်ယဉ်ငွေးကလည်း "ကျောင်းသွားတိုင်း ဒီတံတားဟောင်းကို ဖြတ်သွားရပါတယ်။ တံတားပေါ်ရောက်တိုင်း စက်ဘီး၊ ဆိုင်ကယ်တွေကို ဆင်းပြီးတွန်းရတယ်။ တံတားအသစ်ကြီးဖွင့်နိုင်ခဲ့လို့ စိတ်ထဲမှာပျော်ရွှင်မိပါတယ်။ လမ်းပိုင်းတွေပြီးသွားရင် ပိုပြီး ဖွံ့ဖြိုးလာဦးမှာပါ" ဟူ၍လည်းကောင်း၊

ဤလမ်း၊ ဤစခန်းနှင့် ဆိုလျှင်ဖြင့် ဒေသခံပြည်သူတို့အတွက် ရွှေပြည်တော်မျှော်တိုင်းမဝေးတော့ပါဟုဆိုပါရစေ။ ။

❍ **အနေးယာဉ်မှ**

စက်တင်ဘာ ၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်နှင့် တာဝန်ရှိသူများက ထုတ်ပေးခဲ့သည်။

"ဒီလို ငွေချေးတော့ ကျွန်တော်တို့အနေနဲ့ အတိုးကြီးကြီးနဲ့ ချေးယူရတာထက် အများကြီးသက်သာပါတယ်။ ထုတ်ချေးတဲ့ငွေကို အကျိုးမဲ့မဖြစ်အောင် သုံးပါမယ်"ဟု အနေးယာဉ်လုပ်သားတစ်ဦးက ပြောပြသည်။

မြို့ပေါ်ရှိ အနေးယာဉ်လုပ်သားများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များနှင့် ကျေးရွာအုပ်စုများသို့ ငွေများ ဆက်လက်ချေးပေးနိုင်ရေးအတွက် ချေးငွေလျှောက်လွှာများ ဆက်လက် လက်ခံ စီစဉ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

(ကိုကြီးသာ)

အားကစား

ပထမအကြိမ် နေပြည်တော် Champion Challenge Cup Tournament ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော် Champion Challenge Cup Tournament ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပလျက်ရှိရာ အားကစားဝန်ကြီးဌာန(ဝန်ကြီးရုံး) ဒုတိယညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့မှူး) ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုအားပေးကြသည်။**(ဓာတ်ပုံ)**

နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသည့် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲ ရှုံး/ထွက်ပွဲစဉ်များအပြီး၌ ပုသိမ်အသင်းနှင့် မုံရွာအသင်းတို့သည် ပထမအကြိုဗိုလ်လုပွဲအဖြစ်လည်းကောင်း၊ ရန်ကုန်အသင်းနှင့် တောင်ကြီးအသင်းတို့သည် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ်လည်းကောင်း ယှဉ်ပြိုင်ကစားကြရာ မုံရွာအသင်းနှင့် ရန်ကုန်အသင်းတို့ အနိုင်ရရှိသွားကြပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၉-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၀ ၆။ ပညာပေးဇာတ်လမ်းတို - ချောင်းကမ်းဘေးက ရွာကလေး
၄း၃၅ ၇။ ဗွီစီဒီကျော်ကြားတေး
၄း၅၀ ၈။ သန့်စွာကိုင်လေစက္ကူငွေ
၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင်(အပိုင်း-၃၃)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၂၁)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ Talk of The Town
၂၁။ မေးမြန်းစူးစမ်း
၂၂။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **FIFA BEACH SOCCER WORLD CUP RAVENNA 2011 - Portugal Vs Oman (Live)**
၂၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၂၆။ ပြည်တွင်းရေကြောင်းနှင့် ဘဝပေါင်းများစွာ
၂၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၂၈။ **FIFA BEACH SOCCER WORLD CUP RAVENNA 2011 - Italy Vs Switzerland (Live)**

ရောဝတီ ဒုတိယနေရာ၌ ဆက်လက်ရပ်တည်ပြီး လက်ရှိချန်ပီယံရတနာပုံ ရှုံးပွဲဆက်

ရန်ကုန် စက်တင်ဘာ ၄

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၇)ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ Southern Myanmar နှင့် ရောဝတီယူနိုက်တက်တို့ နိုင်ပွဲများ ရရှိခဲ့သည်။

သုဝဏ္ဏကွင်း

Southern Myanmar - တစ်ဂိုး
(ရဲထွန်းနိုင်)
ရတနာပုံ - ဂိုးမရှိ

အောင်ဆန်းကွင်း

ရောဝတီယူနိုက်တက် - နှစ်ဂိုး
(မင်းမင်းထွန်း၊ ဂျူပီတာ)
ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

ယနေ့ပွဲ
(အောင်ဆန်းကွင်း)

မနောမြေ - နေပြည်တော်

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ရတနာပုံအသင်းမှ အက်စလေ၏ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို Southern ဂိုးသမား ပြည့်ဖြိုးအောင် ကာကွယ်စဉ်။

နပန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၄

အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ နိုဝင်ဘာလအတွင်းကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်သည့် နပန်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နပန်းအားကစားသမားများက ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ နပန်းအားကစားအဖွဲ့ချုပ်က အမျိုးသားလက်ရွေးစင် ခြောက်ဦးရွေးချယ်ထားပြီး တူရကီနိုင်ငံမှ နည်းပြဆရာက လေ့ကျင့်ပေးလျက်ရှိသည်။ အတွေ့အကြုံရှိ ဂျူဒိုအားကစားသမားများအား ရွေးချယ်လေ့ကျင့်ထားခြင်းကြောင့် ရွှေတံဆိပ်ဆုများ ရရှိမည်ဟု ယုံကြည်ကြောင်း မြန်မာနိုင်ငံ နပန်းအားကစားအဖွဲ့ချုပ် တာဝန်ရှိသူထံမှ သိရသည်။ (စိုးမင်း-သတင်းစဉ်)

အလွတ်တန်းစစ်တုရင်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာစစ်တုရင် အားကစားအဖွဲ့ မလေးရှားသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၄

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် စက်တင်ဘာ ၄ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အလွတ်တန်း စစ်တုရင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့စစ်တုရင်အားကစားအဖွဲ့ဝင်နှစ်ဦးသည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ အမှုဆောင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့စစ်တုရင်အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် အုပ်ချုပ်သူအားကစားသမားအဖြစ် ဦးကြည်သိန်း (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)နှင့် အားကစားသမားအဖြစ် သာဇံတို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

ဩဂုတ် ၂၇ ရက်က ဗိုလ်သင်တန်းကျောင်း အမှတ်စဉ်(၉၃)မှ ကျောင်းဆင်းအရာရှိများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ညောင်ခြေထောက်မြို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ်ပေါ်သို့ ကုက္ကိုပင်လဲကျ၊ နှစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ညောင်ခြေထောက်မြို့၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ယမန်နေ့နံနက် ၂ နာရီခွဲခန့်တွင် ရပ်ကွက်(၁)ရှိ အင်ဖက်မိုး ထရံကာ နေအိမ်တစ်လုံးပေါ်သို့ ကုက္ကိုပင်လဲကျခဲ့ရာ ဖခင်ဖြစ်သူ ဦးဝင်းသိန်းနှင့် သမီးဖြစ်သူမှာ ပွဲချင်းပြီး သေဆုံးခဲ့ပြီး မိခင်ဖြစ်သူနှင့် ကလေးသုံးယောက် စုစုပေါင်း လေးဦးမှာ ဒဏ်ရာရရှိ(မစိုးရိမ်ရ)ခဲ့သဖြင့် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လဲကျခဲ့သည့်ကုက္ကိုပင်နှင့်ပျက်စီးမှုများအား ရပ်ကွက်နေပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဝိုင်းဝန်းကူညီရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

အင်ဒိုနီးရှား ရိုးရာလက်ဝှေ့သင်တန်း မြန်မာအားကစားသမားများ တက်ရောက်မည်

ရန်ကုန် စက်တင်ဘာ ၄

အင်ဒိုနီးရှားနိုင်ငံ၌ စက်တင်ဘာ ၈ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်မည့် အင်ဒိုနီးရှား ရိုးရာလက်ဝှေ့သင်တန်း Jarung Derajat လေ့ကျင့်မှုအစီအစဉ်အတွက် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှ လက်ဝှေ့ကစားသမား ၁၈ ဦး သင်တန်းတက်ရောက်ကြမည်ဖြစ်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းတင့်ခေါင်းဆောင်၍ နည်းပြအဖြစ် ဦးစီးအရာရှိ ဦးဗလကျော်သူတို့ လိုက်ပါသွားမည်ဖြစ်သည်။ (သတင်းစဉ်)

"ဘီ" လိုင်စင်ရ သင်တန်းဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူး၍ "ဘီ"လိုင်စင် သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ရာ Ayeyarwady United FC မှ မန်နေဂျာ ဦးတင်မြင့်အောင်၊ Naypyitaw FC မှ နည်းပြ ဦးမျိုးလှိုင်ဝင်းတို့ အပါအဝင် သင်တန်းသား ၂၆ ဦးတက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါသင်တန်းကို "ဗီ"လိုင်စင်ရရှိပြီး သတ်မှတ်သက်တမ်း ကာလပြည့်မီကာ နည်းပြအလုပ်ကို လက်တွေ့လုပ်ကိုင်နေသော နည်းပြဆရာများကိုသာ စိစစ်ရွေးချယ်တက်ရောက်စေခြင်း ဖြစ်ကြောင်း သိရသည်။ သင်တန်းကို သင်ကြားပြမည့်သူမှာ ဖိလစ်ပိုင်နိုင်ငံသား FIFA Coaching Instructor Mr. Johe Ariston Caslib ဖြစ်သည်။

ဇေယျာ(မိုင်ရာ)

ဗန်ဒါဗက် ခြောက်ပတ်နားရမည်

လန်ဒန် စက်တင်ဘာ ၄

စပါးအသင်း၏ ကွင်းလယ်ကစားသမား ရာဖေး ဗန်ဒါဗက်သည် တံကောက်ကြော ဒဏ်ရာကြောင့် ဘောလုံးကစားခြင်းမှ ခြောက်ပတ်အနားယူရတော့မည်ဖြစ်သည်။

နယ်သာလန်နိုင်ငံသား ဗန်ဒါဗက်သည် ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၃)တွင် မန်စီးတီးအသင်းကို ၅-၁ ဂိုးဖြင့် ရှုံးခဲ့သောပွဲတွင် အဆိုပါဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

စပါးအသင်းမှာ ရာသီအစ ပွဲစဉ်များဖြစ်သည့် မန်ယူ၊ မန်စီးတီးတို့နှင့် ကစားခဲ့သောပွဲများကို ရှုံးနိမ့်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယား၏ အောက်ဆုံးသို့ ရောက်ရှိနေသည်။

စပါးအသင်းနည်းပြ ဟယ်ရီရက်နက်ပ်က "ဒါဟာ အလွန် ဆိုးရွားတဲ့ ထိခိုက်မှုတစ်ခုပါ၊ သူဟာ ကျွန်တော်တို့အသင်းအတွက် အများကြီး စွမ်းဆောင်ပေးခဲ့တာပါ" ဟု သည်ဆန်း သတင်းဌာနသို့ ထုတ်ဖော်ပြောကြားသည်။

ဗန်ဒါဗက်အနေဖြင့် ဝုလ်ဗာဟမ်တန်၊ လီဗာပူး၊ ဝီဂန်နှင့် မြို့ခံပြိုင်ဘက် အာဆင်နယ်တို့ပွဲများကို လွဲချော်ရတော့မည်ဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းကို ကျူပီအာက ခေါ်ယူလို

လန်ဒန် စက်တင်ဘာ ၄

ကျူပီအာအသင်းပိုင်ရှင် တိုနီဖာနန်ဒက်စ်သည် အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်း **(ဓာတ်ပုံ)** ကို ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းတစ်ရပ်က ဆိုသည်။

လက်ရှိ အယ်လ်အေဂလက်စီအသင်းတွင် ကစားနေသည့် ဒေးဗစ်ဘက်ခမ်းသည် မေဂျာလိဂ်ပြိုင်ပွဲ ပြီးဆုံးချိန် အောက်တိုဘာလတွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်၍ အလွတ်ပြောင်းရွှေ့ခွင့်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် ဖာနန်ဒက်စ်အနေဖြင့် ဘက်ခမ်းကို ခေါ်ယူလိုခြင်းဖြစ်ပြီး ၎င်းကြောင့် အားကစားဝတ်စုံရောင်းရမှုနှင့် အခြားကိစ္စများမှ ဝင်ငွေများရရှိလိမ့်မည်ဟု မျှော်လင့်နေသည်။ ထို့ပြင် ၎င်းက ဘက်ခမ်းအနေဖြင့် ကျူပီအာအသင်းသို့ ပြောင်းရွှေ့လာမည်ဆိုပါက ၂၀၁၂ လန်ဒန်အိုလံပစ်ပွဲတွင် ပထမပွဲထွက်လူစာရင်းတွင် ကစားရမည်ဖြစ်ကြောင်း ကတိပြုပြောဆိုခဲ့သည်။

အသက် (၃၆)နှစ်အရွယ် ဘက်ခမ်းအနေဖြင့် ၂၀၁၂ လန်ဒန် အိုလံပစ်ပြိုင်ပွဲတွင် ပါဝင်ကစားရန် စိတ်အားထက်သန်လျက်ရှိခြင်းကြောင့် အဆိုပါ အပြောင်းအရွှေ့မှာ ဖြစ်နိုင်ရန် အလားအလာရှိနေသည်။

အင်တာနက်။

ဘောလုံးလောက သတင်းတိုထွာ

ဂျရတ် ပြန်လာတော့မည်

လန်ဒန် စက်တင်ဘာ ၄

ဒဏ်ရာပြဿနာကြောင့် ဘောလုံးကစားခြင်းမှ အနားယူထားရသည်မှာ ငါးလခန့်ပင်ရှိတော့မည့် လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်သည် လာမည့် စက်တင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် အသင်း၌ ပြန်လည်ပါဝင်နိုင်တော့မည်ဖြစ်သည်။

အသက်(၃၁)နှစ်ရှိ ဂျရတ်သည် ပရီမီယာလိဂ်ပွဲစဉ်(၅)အဖြစ် စပါးနှင့် အဝေးကွင်းတွင် ကစားရမည့်ပွဲ၌ ပြန်လည် ပါဝင်နိုင်တော့မည်ဖြစ်၍ လီဗာပူးပရိသတ်များအတွက် သတင်းကောင်းတစ်ရပ်ပင်ဖြစ်သည်။

အင်တာနက်။

လီဗာပူး အသင်းခေါင်းဆောင် စတီဗင်ဂျရတ်။

ဟန်သစ်

နိဗ္ဗာန သစ္ဆိကိရိယာစ ဝေတံမင်္ဂလ မုတ္တမံ = နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၃၅)နှင့် မိုင်တိုင်အမှတ် (၂၅၆)တို့ရှိ တည်ဆောက်ပြီးစီးသွားသော GSM ရေဒီယိုစခန်း နှစ်ခုတွင် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစနစ်ဖြင့် မိုဘိုင်းစက်ပစ္စည်းများ လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် GSM မိုဘိုင်းဆက်သွယ်ရေးစခန်းများ တည်ဆောက်နေ

နေပြည်တော် စက်တင်ဘာ ၄

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ပေါ်တွင် နေ့စဉ်ဖြတ်သန်းသွားလာနေသော မော်တော်ယာဉ်အရေအတွက် ၂၀၀၀ ခန့်နှင့် ၎င်းမော်တော်ယာဉ်များနှင့်အတူ ခရီးသွားပြည်သူလေးသောင်းခန့်ရှိရာ အဆိုပါခရီးသွားပြည်သူများ လမ်းခရီးအတွင်း သက်ဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆက်သွယ်ဆောင်ရွက်နိုင်စေရန်အတွက် လမ်းမကြီးတစ်လျှောက်၌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် GSM မိုဘိုင်းစခန်းများ တပ်ဆင်တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမတစ်လျှောက် GSM မိုဘိုင်းဆက်သွယ်ရေးစခန်းများ တည်ဆောက်ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

ယူအက်စ်အိုးပင်း အမျိုးသမီးတစ်ဦးချင်း တတိယအဆင့်ပြိုင်ပွဲများအားလုံး ပြီးဆုံး

နယူးယောက် စက်တင်ဘာ ၄

ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ၏ ခြောက်ရက်မြောက်နေ့တွင် အမျိုးသမီးတစ်ဦးချင်း တတိယအဆင့် လက်ကျန်ပွဲများကို ကျင်းပခဲ့ရာ နာမည်ကြီးတင်းနစ်မယ်များအားလုံး စတုတ္ထအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြသည်။

တနင်္ဂနွေနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည့် အဆိုပါအမျိုးသမီးတစ်ဦးချင်း တတိယအဆင့် လက်ကျန်ပွဲများတွင် ကမ္ဘာ့အဆင့်(၁) ကာရိုလိုင်းဝေ့ါဇနက်ကီက ကင်းကို ၆-၂၊ ၆-၄၊ ကူဇနက်ဆိုဗာက အေမန်မူရာဒိုဗာကို ၆-၄၊ ၆-၂၊ ပက်ကိုဗစ်က ဗင်စီကို ၆-၄၊ ၆-၀၊ ဆူရာရက်ဇ်နာဗာရိုက ဆိုလာအစ်ပီနိုဆာကို ၆-၀၊ ၆-၄၊ ဆရီနာဝီလျံက အဇာရန်ကာကို ၆-၁၊ ၇-၆၊ အီဗန်နိုဗစ်က စတီဖင်စ်ကို ၆-၃၊ ၆-၄၊ ပက်လူချန်ကိုဗာက ယန်ကိုဗစ်ကို ၆-၄၊ ၆-၄၊ ဆရှီရာဗိုနီက ဆရှီးပါးစ်ကို ၅-၇၊ ၇-၆၊ ၆-၃ တို့ဖြင့် အသီးသီး နိုင်ပွဲရသွားသည်။

စတုတ္ထအဆင့်

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၏ စတုတ္ထအဆင့်ပွဲစဉ်များအဖြစ် ကာရိုလိုင်းဝေ့ါဇနက်ကီနှင့် ကူဇနက်ဆိုဗာ၊ ပက်ကိုဗစ်နှင့် ဆူရာရက်ဇ်နာဗာရို၊ ဆရီနာဝီလျံနှင့် အီဗန်နိုဗစ်၊ ပက်လူချန်ကိုဗာနှင့် ဆရှီရာဗိုနီ၊ မိုနီကာနီကူလက်ကူနှင့် အန်ဂျီလီရစ်ကာဘာ၊ ဆူအီပိုင်နှင့် ဖလာဗီရာပင်နက်တာ၊ ကီရီလင်ကိုနှင့် ဆမန်သာ စတိုဆာ၊ လီဆစ်ကီနှင့် ဇော့ဗ်နာရီဗာတို့ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အင်တာနက်။

ရှုံးနိမ့်သူ အဇာရန်ကာ(ဝဲ)နှင့် အနိုင်ရသူ ဆရီနာဝီလျံ(ယာ)။
(ဓာတ်ပုံ-အင်တာနက်)

မမြချောင်းတံတား၏ ရေအလျဉ်ကား တသွင်သွင် စီးဆင်းနေ၏။ ဝသန်ခါမို ဤရာသီ၌ ရေစီးသန်လှ၏။ နွဲ့ယဉ်ဝင်း၊ ခင်မာအေးနှင့် ချိုမာတို့ သူငယ်ချင်းတစ်သိုက် စက်ဘီးကိုယ်စီဖြင့် ထူးကြီးကျေးရွာသို့ ဈေးဝယ်ထွက်လာကြသည်။ သူတို့သည် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အင်းသနပ်ကုန်း ကျေးရွာ၌ နေထိုင်ကြသူများဖြစ်ကြ၏။

သတင်းဆောင်းပါး
မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ-သာညာဏ်(သတင်းစဉ်)

မမြချောင်းတံတားနှင့် ဆိုလျှင်ဖြင့်
ရွှေပြည်တော် မျှော်တိုင်း မဝေးတော့ပါ

အသစ်
စက်စက် မမြချောင်းကူး တံတားကြီးသို့ အရောက်တွင် တံတားအသစ်ကြီး၏ဘေး၌ အတူယှဉ်လျက်ရှိသေးသည့် ခနော်ခနဲ့ သစ်သားတံတားအိုပျက်ကြီးကို ငေးမောကြည့်ရင်း ချိုမာနှင့် ခင်မာအေးတို့က တစ်စုံတစ်ခုကို သတိတရဖြင့် ပြောလိုက်၏။ "ဟဲ့ နင်မှတ်မိသေးလား။ ဒီတံတားဟောင်းကြီးပေါ်က ဓာတ်ဆီတင်တဲ့ကားကြီး ပြုတ်ကျသွားတာလေ"

စကားသွက်လှသူ နွဲ့ယဉ်ဝင်းကလည်း အားကျမခံ "အံမယ်၊ ငါပြောပြလို့ သိတဲ့သူကများ။ အဲဒီတုန်းက လမ်းပိတ်သွားလို့ တို့တစ်တွေ ဖောင်နဲ့ကူးရတာ ဘယ်လောက်ဒုက္ခရောက်ကြသလဲ"

သံကူကွန်ကရစ် တံတားအသစ်ကြီးကို ငုံ့ကြည့်ရင်း သူတို့အားလုံး၏ မျက်နှာတွင် အပြုံးပန်းတွေ ပြိုင်တူပွင့်ဝေသွားခဲ့ကြသည်။

တစ်ဆက်တည်းမှာပင် နွဲ့ယဉ်ဝင်းက "တို့တစ်တွေ အရင်ကလို ကားကြီးလာရင် တံတားထိပ်က ရပ်မစောင့်ရတော့ဘူး။ မိုးရွာရွာ၊ နေပူပူ၊ မိုးအုံ့အုံ့၊ မိုးချုပ်ချုပ် သွားလို့ရပြီ။ ငါတော့ အရမ်းဝမ်းသာတာပဲ။ ဒါကြောင့် ဖွင့်ပွဲနေ့က မိုးရွာတဲ့ကြားထဲကနေ မရောက်ရောက်အောင် ဖွင့်ပွဲအခမ်းအနားကို ငါလာတက်တာပေါ့"

မှန်ပါသည်။ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ဟသ်ာတ-ဆုံကုန်း-မြန်အောင်လမ်းပေါ်ရှိ မူလ မမြချောင်းတံတားမှာ အရှည်ပေ ၁၅၀ (ပေ ၄၀ သစ်သားတံတား၊ ပေ ၄၀ ဘေလီတံတား၊ ပေ ၇၀ သစ်သားတံတား) ဖြစ်ပြီး တံတားအကျယ်မှာ ၁၂ ပေသာရှိခဲ့သည်။

၂၀၁၁ ခုနှစ် မေ ၂၈ ရက်က ဖွင့်လှစ်လိုက်သော တံတားအသစ်မှာမူ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး အရှည်ပေ ၁၉၀၊ အကျယ်ပေ ၃၀ ရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ် အကျယ် ၅၈ ပေနှင့်

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❖



"တံတား သစ်ကြီး ဖွင့်နိုင်ခဲ့လို့ စိတ်ထဲမှာ ပျော်ရွှင်မိတယ်၊ လမ်းပိုင်းတွေပြီးသွားရင် ပိုပြီး ဖွံ့ဖြိုးလာဦးမှာပါ"
ဆရာမ ဒေါ်ယဉ်ငွေး
[ဘုရားငုတ်တိုကျေးရွာ အ-လ-က(ခွဲ)]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ပေ ၁၈၀ နှင့်အထက် တံတားကြီးအဖြစ် ပထမဦးဆုံး ဆောင်ရွက်ပြီးစီး ဖွင့်လှစ်ပေးခဲ့သော တံတား။